# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၀ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၀ ရက်မြောက်နေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၄၀ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား၊ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၄.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ၁)နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

# အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၄၀ ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ) နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့် ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးစိုင်းဝင်းမောင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ်သည် ယနေ့ တုပ်ကွေးအဖျားရောဂါဝေဒနာခံစားနေရပါသဖြင့် ဆေးခန်းတွင်ဆေးကုသမှုခံယူရန်အတွက် ယနေ့၂၅.၁၀.၂၀၁၁ ရက်နေ့ (၁)ရက် အားခွင့်ရက်အဖြစ် သတ်မှတ် ပေးပါရန် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော်ဦးစိုင်းဝင်းမောင်က ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၏ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်ရဲ့ ၂၅-၁၀-၂၀၁၁ရက်နေ့ခွင့်ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

**အချိန်၊ ၁၀း၀၃။**

**ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုးသည် နေမကောင်းပါသဖြင့် ယနေ့၂၅.၁၀.၂၀၁၁ရက်နေ့ ခွင့်(၁)ရက် ခွင့်ပြုပေးပါရန် ဦးဝီလ်ဆင်မိုး ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးစိုးဝင်းမှ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုးရဲ့ ၂၅.၁၀.၂၀၁၁ ရက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပြုထားသူ(၉)ဦး ယနေ့ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ခွင့်ပြုထားသူ(၁၁)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ် (၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကို ယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖလမ်းမြို့နယ်ဗားရ်တံတား အထက်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၄၀၀-၅၀၀) ထုတ်လုပ်နိုင်မည့် ရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယခုလွှတ်တော် ကိုယ်စားလှယ် တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ် မဲ ဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ ဗားရ်တံတား အထက်တွင် လျှပ်စစ်ဓာ တ်အား မဂ္ဂါဝပ် (၄၀၀-၅၀၀) ထုတ်လုပ်နိုင်မည့် ရေလှောင်တမံတစ်ခု တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ချစ်ခင်လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြ ည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာရှိသောနေ့ရက်ချိန်ခါ ဖြစ်ပါစေကြောင်း ဆန္ဒပြုလျက် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ခုလို မေးခွန်း မေးမြန်းရခြင်းမှာ ကျွန်တော်တို့ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျွန်တော်တို့ မေးခွန်းများကို ပိတ်ထားခဲ့ပြီး ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ ၂၇ ရက်နေ့မှာ မေးခွန်းမေးနိုင်ကြောင်း ပြန်လည်ဖွင့်ပေးတဲ့အခါမှာ ကျွန်တော်ခုလို မေးခွန်းများ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီနေ့မေးမယ့်ဟာ ကျွန်တော်နောက်ဆုံး မေးခွန်းဖြစ်ပါတယ် ။ ကျွန်တော်မေးလိုတဲ့ မေးခွန်း ကတော့ ကျွန်တော်တို့ ဖလမ်းမြို့နယ်၊ ဗားရ်တံတားအထက်နားမှာ ရေအားလျှပ်စစ်မဂ္ဂါဝပ် (၄၀၀-၅၀၀) ခန့် ထုတ်လုပ်နိုင်တဲ့ ရေလှော င်တမံကို တည်ဆောက်ပေးနိုင်ဖို့ ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်တော်ပညာရှင်မဟုတ်ပါ။ဒါပေမယ့်ကျွန်တော်တို့ခုလက်ရှိ ဆောင်ရွက်နေတဲ့ ရေလှောင်တမံ၊ မဏိပူရရေလှောင်တမံမှာမဂ္ဂါဝပ်(၃၈၀)ခန့်ထုတ်လုပ်နိုင်မယ်လို့ ပါတဲ့အခါမှာ ကျွန်တော်လည်း အဲဒါကို ရောယောင်ပြီးမှ မဂ္ဂ ါဝပ်(၄၀၀-၅၀၀)လို့ ပြောထားခြင်းဖြစ်ပါတယ်။ ကျွန်တော်လည်း အတိအကျမသိပါ။ ခန့်မှန်းချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းတောင်တန်း အမြင့်ပေ အနက်ပေ ၅၀၀၀-၆၀၀၀ လောက် နက်တဲ့နေရာမှာ မဏိပူရမြစ် စီးဆင်းပါတယ်။ အဲဒီစီးဆင်းတဲ့အတွက်ကြောင့် ချင်းပြည်နယ်ရဲ့ မြို့ရွာများဟာ ပင် လယ်ပြင် အမြင့်ပေ ၃၀၀၀ ဝန်းကျင်ကနေစပြီးမှပဲအထဲမှာ တည်ရှိပါတယ်။ တကယ်လို့ အဲဒီရေလှောင်တမံအား ပိတ်ဆို့ပြီးမှ ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့မြို့ ရွာမှာ ထိခိုက်မှုမရှိပါဘူး။ တောင်ယာ တွေကတော့ နည်းနည်း အနည်းအကျဉ်းတော့ ရေဝပ်နိုင်ပါတယ်။ ဒါပေမယ့် တောင်ယာကတော့ ကျွန်တော်တို့ ရေဝပ်ရင်လည်းပဲ စိုက် ရေးပျိုးရေးမှာပိုပြီးတော့ အထောက်အကူပြုမှာလားလို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီဖလမ်းမြို့နယ်၊ ဗားရိတံတားရဲ့ အထက်နားမှာ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် (၄၀၀-၅၀၀)ခန့် ထုတ်လုပ်နိုင်တဲ့ ရေလှောင်တမံတည်ဆောက်ပေးနိုင်ဖို့ ရှိ/မရှိနဲ့ ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ် မေးမြန်းခြင်းက ကျွန်တော်တို့ လုပ်သားပြည်သူနဲ့ ကျွန်တော်တို့ နိုင်ငံတော်အကျိုးကို မျှော်ကိုးပြီးတော့ ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၀၈။**

**ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်ဝပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြစ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်းမှ မေးမြန်းသော မေးခွန်းနဲ့ ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသား

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းမှာ ရေအားလျှပ်စစ် ထုတ်ယူနိုင်မယ့် ရေအား အရင်းအမြစ်များအနက် စက်တပ်ဆင်အင်အား (၁၀၀)ကီလိုဝပ်မှ (၁)မဂ္ဂါဝပ်အထိ ထွက်ရှိ နိုင်မယ့် ရေအားအရင်းအမြစ် (၁၀)ခု၊ (၃.၉၆) မဂ္ဂါဝပ်ခန့်ရှိပြီး စက်တပ် ဆင်အင်အား (၁)မဂ္ဂါဝပ်မှ (၂)မဂ္ဂါဝပ်အထိ ထွက်ရှိ နိုင်မယ့် ရေအားအရင်းအမြစ် (၂)ခု၊ (၃)မဂ္ဂါဝပ်ခန့် ရှိပါသည်။ စက်တပ်ဆင်အင်အား (၁၀၀)ကီလိုဝပ်မှ (၁)မဂ္ဂါဝပ်အထိ ထွက်ရှိနိုင် မည့် ရေ အား အရင်းအမြစ် (၁၀)ခုအနက် မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်မှာရှိတဲ့ ဆောချောင်း (၃၂၀)ကီလိုဝပ်၊ ကွန်လောင်းချောင်း(၆၀၀)ကီလိုဝပ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်ရှိ ကွဲလွိချောင်း (၁၀၀)ကီလိုဝပ်၊ ဖိုင်ဇာလွီးချောင်း (၁၅၀)ကီလိုဝပ်နှင့် ဖလမ်းမြို့နယ်မှာရှိတဲ့ လိုင်ဗား (၄၉၀)ကီလိုဝပ်တို့အား ပဏာမစူးစမ်းလေ့လာမှုများ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

စက်တပ်ဆင်အင်အား (၁)မဂ္ဂါဝပ်မှ (၂)မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်မယ့် ရေအားအရင်း အမြစ်(၂)ခုမှာ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်မှာရှိတဲ့ အညာကုတင် (၁.၂)မဂ္ဂါဝပ်နှင့် မတူပီမြို့နယ်ရှိ ဘုံတလာ (၁.၈)မဂ္ဂါဝပ်ဖြစ်ကြပြီး ပဏာမစူးစမ်းလေ့လာမှုများ ဆောင်ရွက်ထား ရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စူးစမ်းလေ့လာ ဆောင်ရွက် ထားရှိမှုများအရ အထက်ဖော်ပြပါ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ရေအား အရင်းအမြစ်များအနေဖြင့် အများအားဖြင့် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ အဖြစ်သာ အကောင် အထည်ဖော် တည်ဆောက်၍ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း မေးမြန်းထားရှိသည့် ဖလမ်းမြို့နယ်၊ ဗားရ်တံတားအထက် နား၌ လျှပ်စစ်စွမ်းအား မဂ္ဂါဝပ် (၄၀၀-၅၀၀)ထုတ်ယူနိုင်မယ့် ရေအားအရင်းအမြစ်များအတွက်မူ လောလောဆယ် စူးစမ်း လေ့လာထားရှိမှုမျိုး မရှိသေးပါ ကြောင်း ရေလှောင်တမံတစ်ခု တည်ဆောက်ရန် လည်း အစီအစဉ် မရှိသေးပါကြောင်းနဲ့ ကိုယ်စားလှယ်ကြီး၏ မေးမြန်းပါ နေရာတွင် ဖြစ်မြောက်နိုင်စွမ်း ရှိ /မရှိ ကိုလည်း ဆက်လက် ပြီးတော့ စူးစမ်း လေ့လာဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သော ယူရီးယားဓာ တ်မြေသြဇာ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှု အခြေအနေ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြ ည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ် သော ယူရီးယား ဓာတ်မြေသြဇာ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကို သိလိုပါကြောင်း မေးခွန်းဖြစ်ပါတယ်။ အဲဒီမှာတော့ ကျွန်တော်တို့ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ သီးနှံတွေ တစ် ဧကအထွက်နှုန်းတိုးဖို့ဆိုရင် ဓာ တ်မြေသြဇာကို စနစ်တကျ သုံးစွဲမှသာလျှင် အထွက်နှုန်းတိုးမယ်ဆိုတာကို အများသိရှိပြီးဖြစ်ပါတယ်။ ဒီတော့ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက်ကို မြ န်မာပြည်မှာ အများ ဆုံးသုံးနေတာကတော့ ယူရီယားဓာ တ်မြေသြဇာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယူရီယားဓာတ်မြေသြဇာကို ပြည်တွင်း မှာရှိတဲ့ ဓာ တ်မြေသြဇာ စက်ရုံ (၅)ရုံကနေပြီးတော့ တစ်နှစ်လျှင် တန်မည်မျှထုတ်လုပ်ပြီးတော့ တောင်သူလယ်သမားများ လက်ဝယ်သို့ မည်မျှဖြန့်ဝေနိုင်မည်ဆိုတာကို သိရှိလိုပ ါကြောင်း ဖြစ်ပါတယ်။ ဒုတိယပိုင်း အနေ နဲ့ကတော့ စွမ်းအင်ဝန်ကြီးဌာနက ထုတ်လုပ်တဲ့ ယူရီးယား ဓာတ်မြေသြဇာရဲ့ အခြေအနေလေးကို တင်ပြချင်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ ပြ ည်တွင်းက ထုတ်လုပ်တဲ့ ယူရီးယားဓာ တ်မြေသြဇာ အိတ်တွေမှာ အမှတ်တံဆိပ်တွေ ခုထက်ထိမပါသေး တာကို တွေ့ရှိရပါတယ်။ တကယ်အားဖြင့် ဆိုမယ်ဆိုရင် ကျွန်တော်တို့ ဓာတ်မြေသြဇာဥပဒေ ၊ စည်းမျဉ်းစည်းကမ်းအရဆိုရင် မြေသြဇာအိတ်ခွံပေါ် မှာ အမှတ်အသားတံဆိပ်ပါရမှာဖြစ်ပါတယ်။

နောက်တစ်ခါ အသားတင်အလေးချိန် ပါရှိရမှာဖြစ်ပါတယ်။ နောက်အရည်အသွေး အာမခံချက်တွေ၊ နောက်ဒီအပေါ်မှာ အာ ဟာရဓာတ်ပါဝင်မှုရာခိုင်နှုန်း၊ ထုတ်လုပ်တဲ့ရက်စွဲနှင့် သုံးစွဲရန်အညွှန်း ဒါတွေကို ပါမယ်ဆိုရင် ကျွန်တော်တို့က ပိုပြီး တော့ ကောင်းမွန်မယ့်အခြေအနေတွေဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းထဲ မှာ ထပ်ပြီးတော့ ပါတာက ယူရီးယားဓာ တ်မြေသြဇာအတွင်းထဲမှာ မခဲဖို့ အတွက် အိတ်ကလေးတွေ အရ င်တုန်းက မပါခဲ့ပါဘူး။ သို့သော်လည်းယခုလက်ရှိအိတ်တွေထဲမှာ ပါတဲ့အတွက် အခြေအနေ ကောင်းမွန်လာတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အကြံပြုတင် ပြချင်တာက ဘာလဲဆိုရင် ယူရီးယားဓာ တ်မြေသြဇာအိတ်ခွံတွေပေါ်မှာ ကျွန်တော်တို့လိုအပ်တဲ့ အမှတ် အသားတံဆိပ်များ ထည့်သွင်း ရိုက်နှိပ်မယ်ဆိုရင် ကုန်ကျစရိတ်လည်း သိပ်မများဘဲနဲ့ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေနဲ့အညီ ဖြစ်နိုင်တယ်ဆိုတဲ့ အချက်ကလေးကို ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၄။**

**ဦးသန်းဌေး (ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ကိုယ်စားလှယ်တော်ကြီး ဦးမှတ်ကြီး မေးတဲ့မေးခွန်းနဲ့ ပတ်သက်လို့ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပါမယ်။ ပထမဦးဆုံးမေးထားတဲ့ စွမ်းအင်ဝန် ကြီးဌာနက ထုတ်လုပ်တဲ့ ယူရီးယားဓာ တ်မြေသြဇာတွေ ဘယ်လောက်ထုတ်ပြီးတော့ ဘယ်လောက်ဖြန့်ဖြူးနေသလဲ ဆိုတာနဲ့ ပတ်သက်ပြီး တော့ ဝန်ကြီး ဌာနမှာယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်တဲ့စက်ရုံ(၅)ရုံရှိပါတယ်။ အဲဒီ စက်ရုံ (၅)ရုံစလုံးဟာကုန်းတွင်းသဘာဝဓာတ်ငွေ့ကိုပဲ ကု န်ကြမ်းအဖြစ် အသုံးပြုပြီးတော့ ဓာ တ်မြေသြဇာ ထုတ်လုပ်တဲ့ စက်ရုံတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝဓာ တ်ငွေ့ထုတ်လုပ်တဲ့ Source (၂)ခုရှိပါတယ်။ ကုန်းတွင်းက ထုတ်လုပ်ပါတယ်။ ကမ်းလွန်မှထုတ်လုပ်ပါတယ်။ ကမ်းလွန် ကထုတ်တာကတော့ တစ်နှစ်ကို ကုဗပေသန်း (၁၀၀၀)ကျော်ထုတ်ပြီးတော့ ပြည်ပကိုပို့ရောင်းတယ် ဆိုတာလည်းပဲ ကိုယ်စားလှယ်တော်ကြီးများ သိပြီးသားဖြစ်ပါတယ်။ သို့သော် အဲဒီ သဘာဝဓာ တ်ငွေ့

တွေဟာ လက်ရှိ ကျွန်တော်တို့ဆီမှာ တည်ဆော က်ထားတဲ့ဓာတ်မြေသြဇာ စက်ရုံတွေမှာ တိုက်ရိုက်ထည့်သွင်းအသုံးပြုလို့မရပါဘူး ။ ကျွန်တော်တို့ရဲ့ ဓာတ်မြေသြဇာ စက်ရုံများဟာ ကုန်းတွင်းကထုတ်တဲ့ ဓာတ်ငွေ့အမျိုးအစားပေါ်မှာပဲ ထုတ်လုပ်လို့ရအောင် အခြေခံဒီဇိုင်း ထုတ်ထားတာဖြစ်တဲ့အတွက် ကုန်းတွင်းသဘာ ဝဓာတ်ငွေ့နဲ့သာ ဓာ တ်မြေသြဇာထုတ်လုပ်ပါ တယ်ဆိုတာဦးစွာ တင်ပြလိုပါတယ်။ အဲဒီ စက်ရုံ (၅)ရုံအနက် ကျွန်တော်တို့ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့နယ် ကျွန်းချောင်းရွာနားမှာရှိတဲ့ ဓာ တ်မြေသြဇာစက်ရုံကတော့ နှစ်ပေါင်း လည်းပဲ (၃၁)နှစ်ကျော် ကြာပြီဖြစ်တဲ့အတွက် အခုစက်ပိုင်းဆို င်ရာ ပြန်လည် ပြင်ဆင်မှုများလုပ် နေပါတယ်။ ဒါကြောင့် လောလောဆယ် ယူရီးယားထုတ်လုပ်နိုင်ခြင်း မရှိသေးပါဘူး။ အောင်လံမြို့နယ်၊ ကျော်စွာရွာအနားမှာရှိတဲ့ ဓာတ်မြေသြဇာစက်ရုံကတော့ စောစောက ကျွန်တော် တင်ပြတဲ့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ အလုံအလောက်မရတော့တဲ့အတွက် အဲဒီစက်ရုံဟာ အ ခု ယာယီရပ်ဆိုင်းထားရပါတယ်။ ကျန်တဲ့ ဓာ တ်မြေသြဇာစက်ရုံ စလေက တစ်ရက်ကို ယူရီးယား တန်(၁၀၀) လောက်ထုတ်လုပ်ပါတယ်။ ဓာ တ်မြေသြဇာစက်ရုံ မြော င်းတကာက တစ်ရက်ကို တန်(၅၀၀)ထုတ်နိုင်ပါတယ်။ ပုသိမ်စက်ရုံက တစ်ရက်ကို တန် (၅၀၀)လောက်ထုတ်နိုင်တဲ့ စက်ရုံ အသစ်တွေဖြစ်ပါတယ်။ အဲဒါကြောင့် ဒီစက်ရုံ(၃)ရုံက စုစုပေါင်း တစ်ရက်ကို ယူရီးယားတန် (၁၁၀၀)လောက်ထွက်ပါတယ်။ သို့သော်လည်းပဲ ဒါဟာ စက်ရဲ့ဒီဇိုင်းအရထွက်ရှိနိုင်တဲ့ ပမာဏ ကို တင်ပြခြင်းသာဖြစ်ပါတယ်။ တကယ်ထုတ်လုပ်တဲ့ အခါကျတော့ ဥပမာအားဖြင့် လျှပ်စစ် တည်ငြိမ်မှု မရှိတဲ့အတွက် မကြာခဏ လျှပ်စစ်ဓာ တ်အား ပြတ်တောက်တဲ့အတွက် ကျွန်တော်တို့ စက်တွေဟာ တစ်ကြိမ်စက္ကန့်ပိုင်း ဒိုင်းကနဲရပ်သွားတာနဲ့ အဲဒါ ကို ပြန်စဖို့ အချိန်အများကြီး ယူရ ပါတယ်။ ဒါကြောင့် ESD လို့ခေါ်တဲ့ Electrical Shut Down အဲဒါ တစ်ကြိမ်ဖြစ်ပြီးတိုင်းမှာ ယူရီးယားပြန်ထုတ်တဲ့အဆင့်ထိအောင် ကျွန်တော်တို့ဟာ နှစ် ရက်၊ သုံးရက် အဲဒီလိုအချိန်ယူရတဲ့ သဘာဝရှိပါတယ်။ နောက်တစ်ကြောင်း ကလည်းပဲ ဒီစက်ရုံတွေကို ပေးပို့တဲ့ သဘာဝ ဓာတ်ငွေ့ Supply လုပ်တဲ့ပိုက်လိုင်းတွေဟာ ကျွန်တော်တို့သုံးတဲ့ ပစ္စည်းရဲ့ အရည်အသွေး၊ နောက်တစ်ခါ အသုံးပြုတဲ့သက်တမ်း ဒီဟာတွေကြောင့် တစ်ခါတစ်ရံမှာလည်း ပဲ ပိုက်လို င်းကြိုးပြတ်ခြင်း စတာမျိုးတွေဖြစ်ပါတယ်။ အကြောင်းကြောင်းကြောင့် စက်ရုံ ခဏရပ်လိုက်တာနဲ့ ခုနပြန်ထုတ်ဖို့ အချိန်နှစ်ရက်၊ သုံးရက်အချိန်ယူရတဲ့အတွက် တစ်နေ့ကို တန် (၅၀၀)၊ တစ်နှစ်ကို ရက်ပေါင်း ၃၆၀ ဒီလိုနဲ့တော့ ကျွန်တော်တို့ တွက်လို့မရတာ အမှန်ပဲဖြစ်ပါတယ်။ အဲဒါကြောင့် ဒီနေ့

စက်ရုံ(၃)ရုံက ၂၀၁၁ခုနှစ်၊ ဧပြီကနေ ၂၃-၁၀-၂၀၁၁ ရက်နေ့အထိ ထုတ်ပေးတဲ့ ဓာတ်မြေသြဇာဟာ တန်ချိန် ၇၈၆၃၇.၃ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယခင် ဘဏ္ဍာရေးနှစ်က စာ ရင်းပိတ်လက်ကျန် အပါအဝင် အခုထုတ် လုပ်ရရှိတဲ့ ဓာ တ်မြေသြဇာ အားလုံးတန်ချိန် ၇၈၈၈၃.၈ မက်ထရစ်တန်ကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ အိတ်အရေအတွက် အားဖြင့် အိတ်ပေါင်း ၁၅၇၇၇၆၇ အိတ်ကို ဈေး ကွက်ထဲကို ဖြန့်ဖြူးပြီး ဖြစ်ပါတယ်။ ဖြန့်ဖြူးတဲ့ နည်းစနစ်ကတော့ ယခင်ခေတ်အခါတုန်းက တော့ ပြည်နယ်နှင့်တိုင်း အေးချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီတွေက တာဝန်ယူပြီးတော့ ဖြန့်ဖြူး ပေးပါတယ်။ အခုအခါမှာတော့ ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်း လက်အောက်မှာရှိတဲ့ ဆန်စပါး အထူးပြုကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း၊ နောက်တစ်ခါ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တဲ့ လယ်သမားများကို တိုက်ရိုက်လ ည်းကောင်း နည်းလမ်းသုံးသွယ်နဲ့ ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ဖြန့်ဖြူးတဲ့စနစ်မှာလည်း ငွေပေးချေတဲ့စနစ် မှာ လက်ငင်းငွေချေစနစ်နဲ့လည်း ရောင်းပါတယ်။ ခြောက်လဆိုင်း အကြွေးစနစ်နဲ့လည်း ရောင်းချလျက်ရှိပါတယ်။ ခုန ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ မြန်မာနိုင်ငံ မှာ ထုတ်ပြန်ထားတဲ့ မြေသြဇာဥပဒေ (Fertilizer Law) ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၂နဲ့ ၁၃၆၄ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် (၂၀၀၂ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့)မှာ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။ အဲဒီဥပဒေ အခန်း(၆) ပုဒ်မ ၁၃ ပုဒ်မခွဲ(က)မှာ မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုး ခြင်း သို့မဟုတ် သိုလှောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူများသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များန ှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းသို့ လျှောက်ထားရပါမယ်။ နောက်ပုဒ်မ ၁၆ မှာ လုပ်ငန်းလိုင်စင် ရရှိသူဟာ မြေသြဇာထုတ်ပိုး သို့မဟုတ် ထည့်သွင်းခြင်း ပြုလုပ်ထားတဲ့ပစ္စည်းပေါ်မှာ အမှတ်တံဆိပ် မြေသြဇာ၏ အသားတင်အလေးချိန် ၊ အရည်အသွေးအာမခံချက် ၊ မြေသြဇာမှာ ပါဝင်သော အာဟာရဓာတ်ခိုင်နှုန်း၊ မြေသြဇာမှာပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့် အမျိုးအစား၊ သုံးစွဲရန်အညွှန်းစာများပါရှိရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၇ တွင် လုပ်ငန်းလိုင်စင်ရရှိသူဟာ ပုဒ်မ ၁၆ ပါအချက်များ ဖော်ပြထားသော မြေသြဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်လို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒါကို

ကြည့်လိုက်ရင် ဒီဥပဒေဟာ ရောစပ်ခြင်း ကျွန်တော်တို့လိုတိုက်ရိုက်နိုင်ငံပိုင်စက်ရုံကနေပြီးတော့ ယူရီးယားထုတ်လုပ်တာကို ဆိုလိုခြင်းမဟုတ်ဘဲနဲ့ ရောစပ်ခြင်း၊ ထုတ်ပိုးခြင်း၊ ပြန်လည်ရောင်းချခြင်းလုပ်တဲ့ လုပ်ငန်းများအတွက်သာ ရည်ညွှန်းတယ်ဆိုတာ ထင်ရှားပါတယ်။ သို့သော်လည်းပဲ ခုန ဦးမှတ်ကြီး ဆွေးနွေး သွားသလိုပဲ ဒီမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များဟာ ကျွန်တော်တို့နိုင်ငံပိုင်လုပ်ငန်းကနေပြီးတော့လုပ်မယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းများဖြစ်တဲ့အတွက် အကြံပြုချက်အတိုင်း ကျွန် တော်တို့ရဲ့ စွ မ်းအင်ဝန်ကြီးဌာနကထုတ်တဲ့ ယူရီးယားအိတ်တွေမှာလည်းပဲ အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်၊ အသားတင်အလေးချိန် စသည်အားဖြင့် ဒါလေးတွေ ထည့်သွင်းရို က်နှိပ်ပေးဖို့ စီစဉ်ဆောင်ရွက်လျှ က်ရှိကြော င်း တင်ပြလိုပါတယ်။ နောက်တစ်ခါ ဓာ တ်မြေသြဇာမခဲဖို့ အတွင်း ပလပ်စတစ်အိတ် ထည့်သွင်းအ သုံးပြုဖို့ ဆိုတဲ့ဥစ္စာမှာလည်းပဲ ကျွန်တော်တို့နှစ်နဲ့ချီပြီးတော့ ဒါလေးကို ထည့်သွင်းအသုံးပြုခဲ့ပါတယ်။ ယခင်အချိန်တုန်းကတော့ အိတ်နှစ်ထပ်ထည့်သွင်း အသုံးပြုသော်ငြားလည်းပဲ ထုတ်ပိုးတဲ့၊ ချုပ်တဲ့စက်ရဲ့ မသေချာ မှုကြောင့် တစ်ခါတစ်ရံမှာအပေါ် က မြွေအရေခွံအိတ်ကိုပဲ ချု ပ်မိပြီးတော့ အတွင်းအိတ်က အောက်ထဲကို ပုံကျနေတဲ့ပြဿနာမျိုး တွေရှိခဲ့ပါတယ်။ အခုမှာတော့ အတွင်းအိတ်၊ အပြင်အိတ် နှစ်ထပ်လုံးကို ချုပ်သားမိအောင် ဒါတွေလည်းပဲ သေချာစနစ်တကျ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

## မွန်ပြည်နယ်တွင် ပင်လယ်ကူး သင်္ဘောဆိပ်တစ်နေရာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းမယ့်မေးခွန်းဟာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွ န်းဖြစ်ပါတယ်။ မွန် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက မွန်ပြည်နယ်တွင် ပင်လယ်ကူးသင်္ဘောဆိပ်တစ်နေရာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် အမှတ် (၇)မဲဆန္ဒနယ် ရေးမြို့ နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ယခု ကျွန်တော်က မွန်ပြည်နယ်တွင် ပင်လယ်ကူးသင်္ဘောဆိပ်တစ်နေရာဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ /မရှိနဲ့ စပ်လျဉ်း တဲ့ မေးခွန်းကို မေးခွင့်ရတဲ့အတွက်ကြောင့် အထူးပဲ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကို စာဖတ်ခွင့်ပြုဖို့ ခွင့်ပန်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစား အပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ငယ်ငယ်ကထည်းကစပြီး ၁၉၇၀ ခုနှစ် လောက်ထိ ယခု မွန်ပြည်နယ်မြို့တော် မော်လမြိုင်မြို့ဆိပ်ကမ်းမှာ နိုင်ငံခြားပင်လယ်ကူး သင်္ဘောများ လာရောက် ကုန်တင်ကုန်ချနေတာ တွေ့ရပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှ ကုန်ပစ္စည်းများကို နိုင်ငံခြားသို့ပို့ကြပါတယ်။ တစ်နှစ် တစ်နှစ်ကို သင်္ဘောရာနဲ့ချီပြီး ဝင်ထွက်ကြ တယ်။ ဒီလို ဆိပ်ကမ်းမျိုး ယခင်က မော်လမြိုင် - ရန်ကုန် - ပုသိမ်မှာရှိကြပါတယ်။ ယခု မော်လမြိုင်မှာ ဘာမှမရှိတော့ ဘဲ မြိတ်မြို့သင်္ဘောဆိပ်တစ်နေရာ ပေါ်ခဲ့ပါတယ်။ တနင်္သာရီတိုင်း အတွက် နိုင်ငံခြားပို့ကုန်များအတွက် အကျိုးရှိပါတယ်။ ယခုမွန်ပြည်နယ်၊ ကရင်ပြည်နယ်က ထွက်ကုန်အများအပြားရှိပါတယ်။ ထိုင်းနို ငံငံနယ်ခြားမှာ မရောင်းဝယ်ချင် လျှင် နိုင်ငံခြားကို ပို့ရန်အတွက် ရန်ကုန်ကိုပို့ရလျှင် မော်လမြိုင်ကိုလာတာထက်မိုင်ပေါင်း ၂၀၀ မက ဝေးပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်း ဖွင့်ပြီးလျှင်လည်း မော်လမြိုင်မှ မိုင် ၂၀၀ ကျော်ဝေးပါတယ်။ ကျိုက်ထိုမြို့မှဆိုလျှင် မိုင် ၃၀၀ လောက်ဝေးပါတယ်။ ကရင်ပြည်နယ် မြောက်ပိုင်း ကဆိုလျှင် ပိုဝေးပါတယ်။ ရန်ကုန်ဆိပ်ကမ်းကို ပို့ရ င်လည်း မိုင်ပေါင်း ၂၀၀ အထက်မှာရှိပါတယ်။ အဲဒီ မိုင်ပေါင်း ၂၀၀ အထက်ဝေးတဲ့ သင်္ဘောဆိပ်ဆီကို ပို့ဖို့အတွက် လေးလံတဲ့ပစ္စည်းတွေမှာ သယ်ဆောင်ခစရိတ်မှာ အလွန်အ ကုန်အကျများပြားပါတယ်။ အချို့ ဈေး နည်းတဲ့ ပစ္စည်းတွေဟာ သင်္ဘောဆိပ်နဲ့ဝေးလို့ သယ်ယူပို့ဆောင်ခကြီးမားလို့ မထုတ်လုပ်နိုင် တာရှိပါတယ်။ ရှေးခေတ်မှာ

မွန်ပြည်၊ မြန်မာပြည်၊ ထိုင်းပြည်မြောက်ပိုင်းအတွ က် ကုန်ပစ္စည်းများကို ပထမသင်္ဘော ဆိပ်မှာ နိုင်ငံခြားကိုပို့တယ်။ နိုင်ငံခြားမှ ကုန်ပစ္စ ည်းများ မုတ္တမကိုရောက်ပြီး မွန်ပြည်၊ မြန်မာပြည်၊ ထိုင်းနိုင်ငံမြောက်ပိုင်းကို ဖြန့်ပို့ခဲ့ကြပါတယ်။ ယနေ့ခေတ်မှာလည်း သင်္ဘောဆိပ်ကောင်းလျှင် ကျွန်တော်တို့ မော်လမြိုင်၊ မြ ဝတီလမ်းကောင်းလျှင် ထိုင်းနိုင်ငံမြောက်ပိုင်းမှ ကုန်ပစ္စည်းများ လောနိုင်ငံမှ ကုန်ပစ္စည်းများ သင်္ဘောကိုတင်နိုင်တယ်။ ထိုင်းနိုင်ငံမြောက်ပိုင်း၊ လောနိုင်ငံက ကုန်ပစ္စည်းများ နိုင်ငံခြားက ဝင်လာတာကို သယ်ယူပို့ဆောင်နိုင်တယ်။ ဒီအပတ်လည်းပဲ ထိုင်းဝန်ကြီးချုပ်လာခဲ့တုန်းက မြဝတီနဲ့ကော့ကရိတ်ကားလမ်းကို ဖောက်လုပ်ပေးမယ်ဆိုပြီးတော့ သဘောတူထားခဲ့တာရှိတယ်လို့ ကျွန် တော်တို့ သတင်းမှာ တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ကော့ကရိတ်ကနေ မော်လမြိုင်ကိုလာတဲ့လမ်းဟာ အခု မော်လမြိုင်နဲ့ကော့ဘိန်းရွာကို လမ်းကောင်းကောင်းပြီးနေတယ်။ နောက်ပြီး ကော့ဘိန်းနဲ့ကျုံဒိုးဆိုတာ ၁၃ မိုင်ကျော်ကျော် အဲဒီမှာပဲ လမ်းပျောက်နေတယ်။ ကျုံးဒိုးနဲ့ကော့ကရိတ်ကလည်း လမ်းကောင်းကောင်းရှိပါတယ်။ အဲလို လမ်းကောင်းနေမယ်ဆိုရင် ထိုင်းနိုင်ငံမြောက်ပိုင်း လာအိုနိုင်ငံက ကုန်ပစ္စည်းများဟာ ကျွန်တော်တို့ မွန်ပြည်နယ် သင်္ဘော ဆိပ်ကို အနောက်နိုင်ငံကို တင်ဖို့ အတွက်ရနိုင်တယ်။ အနောက်နိုင်ငံက ကုန်ပစ္စည်းတွေလည်းပဲ မွန်ပြည်နယ် သင်္ဘောဆိပ်ကနေတ စ်ဆင့် အဲဒီနိုင်ငံတွေကို ပို့ပေးနိုင်တယ်။ ဘာလဲဆိုတော့ သယ်ယူပို့ဆောင်ရေးဟာ အခု ထိုင်းနိုင်ငံက ကြိုးစားပြီးတော့ ထားဝယ်ရေနက်ဆိပ်ကမ်းကို လုပ်တာဟာ ဒီမလက္ကာရေလက်ကြား ကို ဖြတ်ပြီးတော့ စင်္ကာပူကိုပတ်ပြီးတော့ ထိုင်းနိုင်ငံကို ဝင်ရမယ့် အနောက်နိုင်ငံကုန်ပစ္စည်းတွေဟာ သယ်ယူပို့ဆောင်ခအများကြီးတက်သွားပါတယ်။ တကယ်လို့ ထားဝယ်ရေနက်ဆိပ်ကမ်းများမှာ ထိုင်းနိုင်ငံက ပစ္စည်းတွေရောက်လာရင် အဲဒီ ထားဝယ်ကနေတစ်ဆင့် ဘန်ကောက် ကိုပို့ရတာဟာ စရိ တ်စက အများကြီးသက်သာပါတယ်။ နောက်တစ်မျိုးထပ်တွက်ရမယ်ဆိုရင် ကျွန်တော်တို့ ဇင်းမယ်ဘက်က၊ ထိုင်းနိုင်ငံမြောက်ပိုင်းကကုန်ပစ္စည်းတွေ၊ လောနိုင်ငံက ကုန်ပစ္စည်းတွေ သူတို့ အနောက်နိုင်ငံဘက်ကို အဓိကပို့တဲ့ကုန်ပစ္စည်း၊ အိန္ဒိယအရှေ့အလယ်ပိုင်း၊ အနောက်နိုင်ငံကိုပို့ရမယ့် ကုန်ပစ္စည်းဆိုရင် ကျွန်တော်တို့ မွန်ပြည်နယ်မှာ သင်္ဘောဆိပ်ကောင်းကောင်းရှိမယ်ဆိုရင် မွန်ပြည်နယ် သင်္ဘောဆိပ်ကို သူတို့ဝင်မယ်ဆိုရင် လမ်း ခရီးဟာ မိုင် ၂၀၀ လောက်သက်သာတယ်ဆိုရင် သူတို့အတွက် ကုန်ကျစရိတ် အများကြီးသက်သာတယ်ဆိုတာသိရင် ကျွန်တော်တို့ မွန်ပြည်နယ် သင်္ဘောဆိပ်ကို ဝင်လာနိုင်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ မွန်ပြည်နယ် သင်္ဘောဆိပ်က

မွန်ပြည်နယ်၊ ကရင်ပြည်နယ်အ တွက် ထွက်ကုန်တွေအများအပြားကို နယ်ခြား မှာပဲ ရောင်းနေရပါတယ်။ နယ်ခြားမှာ ရောင်းတယ်ဆို ထိုင်းနိုင် ငံကို ရောင်းရတယ်။ ထိုင်းနိုင်ငံ ဟာ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နယ်ခြားကနေပြီးတော့ ဘန်ကောက်ကိုသွားရတဲ့ အကွာအဝေးဟာ မနည်းဘူး ဝေးပါတယ်။ မော်လမြိုင်ကိုလာတဲ့ အကွာအဝေးထက် အများ ကြီးဝေးတယ်။ စရိတ်စကလည်း အများကြီးကုန်တယ်။ နောက်ကျွန်တော်တို့ နစ်နာချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ပစ္စည်းဟာ ကျွန်တော်တို့ အနောက်နိုင်ငံကို မရောင်းနိုင်ဘူး၊ အိန္ဒိယတို့လို အရှေ့အလယ်ပိုင်းလို နိုင်ငံမျိုးကို မရောင်းရဘဲနဲ့ တစ်ဖက်သတ်ဖောက်သယ်တစ်ယောက် စျေးသည်တစ်ယောက်ထဲကိုပဲ ရောင်း ရတယ်ဆိုတော့ ကျွန်တော်တို့ဟာ စျေး အနှိမ်ခံရနိုင်တယ်။ သူတို့ ပေးတဲ့စျေး ကို ကျွန်တော်တို့က မရောင်းဘဲနဲ့နေလို့မရ ဘာလို့ဆိုတော့ ကိုယ့်မှာအခြားသွားရာ လမ်းအခက်အခဲကြောင့် သင်္ဘောဆိပ်မရှိတဲ့ အတွက်ကြောင့်လည်းဖြစ်ပါတယ်။ အဲဒီ အတွက်ကြောင့် မွန်ပြည် နယ်က ထွက်တဲ့ပစ္စည်း၊ ကရင်ပြည်နယ်က ထွက်တဲ့ပစ္စည်း၊ ကျွန်တော်တို့ မွ န်ပြည်နယ်မှာဆို အထူးသဖြင့် ရာဘာ အခုမြို့ထဲမှာ လမ်းကောင်းတဲ့နေရာမှာလည်းပဲ ရာဘာကို တရုတ်ပြည်ကိုပဲ ရောင်းနေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စျေး ကွက်တစ်ခုတည်းပဲရှိတယ်။ တကယ်လို့ ကျွန်တော်တို့မှာ သင်္ဘောဆိပ်ရှိမယ်ဆိုရင် မွန်ပြည်နယ်ကို နောင်ဆိုရင် ရာ ဘာပြည်နယ်ရယ်လို့ ကြိုးစားနေပါတယ်။ အကုန် လည်းဖြစ်လောက်နီးနေပါပြီ၊ နောက်ပြီး မွန်ပြည်နယ်မှာ မြေလွတ်တော်တော်ကိုနည်းလာပါတယ်။ အားလုံးက ရာဘာစိုက်လို့ ရတယ်။ အကုန်လုံး ရာ ဘာစိုက်ခင်းခြံတွေ ဖြစ်နေကြကုန်ပြီ။ ထွက်ကုန်လ ည်းတော်တော်များပါတယ်။ အဲဒီတော့ ကျွန်တော်တို့က တကယ်လို့ သင်္ဘောဆိပ်ရှိမယ်ဆိုရင် သင်္ဘောဆိပ်ကနေတစ်ဆင့် အိန္ဒိယတို့၊ အရှေ့အလယ်ပိုင်းတို့၊ အနောက်နိုင် ငံတို့ စျေး ကွက်တွေမှာ သွားရောင်းလို့ ရပါတယ်။ အဲဒီအတွက်ကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် နောက်ပြီးတော့ ကံကောင်းရ င် လမ်းကောင်းရင် ထို င်းနိုင်ငံ မြောက်ပိုင်းကပစ္စည်း၊ လာအိုနိုင်ငံကပစ္စည်းတွေသယ်ပို့၊ နိုင်ငံခြားပို့ အဲဒီလို ဖြစ်လာနိုင်ဖို့ အတွက် အဓိကကတော့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရဲ့ ထွက်ကုန်ကို အဓိကထားပြီးတော့ ကျွန်တော်မေးချင်တာက အခု ကျွန်တော်တို့မှာ အရင်ကဆိပ်ကမ်းကို ပြန်ပြင်လို့ရရင်လည်းရမယ်။ အဲဒီဆိပ်ကမ်းအပြင်ကို မွန်ခေါင်းဆောင်အဆက်ဆက် က ရှာဖွေထားတဲ့နေရာလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံ ခေါင်းဆောင်တွေပေါ့လေ၊ ဘာလဲဆိုတော့ မုဒုံမြို့မြောက်ဘက်တည့်တည့် ကတုံးပေါ်ဆိုတဲ့ ကမ်းခြေနေရာမှာအရင်က လမ်းလည်းဖောက်ထားပြီးပြီ၊ ရေအနက်ဇရိယာလည်း

တိုင်းတာထားပြီးပြီ နေရာသစ်အနေနဲ့ အရင်က ပြင်ဆင်ထားတယ်။ ဒါပေမယ့် မဖြစ်ခဲ့ဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ ရေးမြို့ နယ်ရဲ့ မြောက်ဘက်အစွန်မှာ ကုလားဂုတ်ကျွန်းရှိတယ်။ အဲဒီ ကုလားဂုတ် ကျွန်းရဲ့မြောက်ဘက်ထိပ် လမ်းလောက်မှာ နှစ်ကရင်ရွာ ဆိုတာရှိတယ်။ အဲဒီ နေရာဟာ ပင်လယ် ရေနက်ဆိပ်ကမ်းအတွက် အရင်ကတိုင်းတာထားဘူးတယ်။ တိုင်းတာစုံစမ်း လေ့လာထားဖူးတယ်။ အဲဒီနေရာလည်း မဖြစ် မြောက်ခဲ့ဘူး။ အဲဒီတော့ မွန်ပြည်နယ်မှာ သင်္ဘောဆိပ်တည်ဆောက်နိုင်တဲ့နေရာတွေရှိတယ်။ ဒါပေမယ့် မဖြစ်မြောက်မအောင်မြင်ခဲ့ဘူး။ အဟောင်းလည်းပဲပြန်မပြင်ဖြစ်ခဲ့ဘူး။ ဒါကြောင့် ကျွ န်တော်ကဒီနေ့ မေးရမယ့်မေးခွန်းကတော့ အဲဒီအကြောင်းအရာပေါ်မှာ အခြေခံပြီးတော့ မေးရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းကတော့ (၁)မွန်ပြည်နယ် တစ်နေရာရာ မော်လမြိုင်မြို့ ပင်လယ်ကူးသင်္ဘော ဆိပ်ကမ်း ပြန်လည်မဖွင့်လှစ်ပေးနိုင်ဘူးလား။ (၂) မော်လမြိုင်မြို့မှာ ပင်လယ်ကူးသင်္ဘောဆိပ်ကို ပြန်လည်မဖွင့်လှစ်ဖြစ်လျှင် ယခင်က တိုင်းတာ ထားဖူးသည့် ကုလားဂုတ်ကျွန်းအရှေ့ဘက် တစ်နေရာ သို့မဟုတ် မုဒုံမြို့နယ်၊ ကတုံး ပေါ်နေရာတို့တွင် တစ်နေရာ ရာမဖွင့်လှစ် ပေးနိုင် ဘူးလား၊ (၃)မဖွင့်လှစ်ပေးနိုင်လျှင် မည်သည့်အကြောင်းကြောင့်လဲ၊ (၄)ဖွင့်လှစ်ပေးနိုင်လျှင် မည်သည့်အခါမှဖြစ်နိုင်မည်လဲ၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၂။**

**ဦးညဏ်ထွန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ချမ်းသာကြပါစေကြောင်း ပဏာမဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါ တယ်ခင်ဗျား။ မွန်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗ ညားအောင်မိုးရဲ့ မွန်ပြည်နယ်ဆိပ်ကမ်းနဲ့ ပတ်သက်တဲ့မေးခွန်းကို ကျွန်တော် ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဆုံး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့ကိ စ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ် ဗညားအောင်မိုး နှင့် မွန်ပြည်နယ်မှ လွှ တ်တော် ကိုယ်စားလှယ်များအားလုံးကို ကျွန်တော်တို့ မွန်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားနှင့်

ကူးသန်းသွားလာတဲ့ ဆိပ်ကမ်းတစ်ခုဟာ အင်မတန်မှအရေးပါတယ်ဆိုတာ ဒီအစည်းအဝေး မတိုင်ခင်တည်းက ကျွန်တော်တို့ ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့ ကိုယ်၌လည်း ဝန်ကြီးဌာနကိုယ်၌လည်း စိတ်ဝင်စားပြီးတော့ ပြည်နယ်ဝန်ကြီးချု ပ်နဲ့လည်း ခု အခြေအတင် ဆွေးနွေးလျက်ရှိ ပါတယ်။ ယခုကဲ့သို့ ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ဆွေးနွေးတဲ့အချိန်မှာ မွန်ပြည်နယ်ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ယခုကဲ့သို့ အင်တိုက်အားတိုက် သူတို့စိတ်အားထက်သန်စွာနဲ့ ကျွန်တော်တို့ကို တွန်းအားပေးတဲ့သဘောလဲ မှန်တယ်။ ဝိုင်းဝန်းပြီးတော့ အကြံပြုတဲ့သဘောလဲမှန်တယ်။ ယခုကဲ့သို့ မေးတဲ့အတွက်ကြောင့် မိဖို့လို ကျေးဇူးများစွာတင်ရှိကြောင်း ပဏာမတင်ပြချင်ပါတယ်။ အဲဒီတော့ မွန်ပြည်နယ်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးခဲ့သလိုပဲ မွန်ပြည်နယ် ဆိပ်ကမ်းမှာ ရှေးတုန်းက ကျွန်တော်တို့ မွန်ပြည်နယ်ဆိုတာ မပေါ်ခင်ကတည်းက ကျွန်တော်တို့ တနင်္သာရီတိုင်း ထဲမှာပါပါတယ်။ ကရင်ပြည်နယ်လည်း တနင်္သာရီတိုင်းထဲမှာပါပါတယ်။ အဲဒီ အချိန်မှာထဲက နိုင်ငံခြားသင်္ဘောကြီး တွေက မွန် ပြည်နယ်၊ မော်လမြိုင်ဆိပ်ကမ်းကို လာပြီးတော့ မော်လမြိုင်ကထွက်တဲ့ အထူးသဖြင့် ကျွန်းသစ်တွေ၊ နောက်တစ်ခါ ဆန်စပါးတွေ နိုင်ငံခြားကို ပို့တာ ဖြစ်ပါတယ်။ အဲဒီလို ပို့ခဲ့တုန်းက ကျွန်တော် ရိုးသားစွာတင်ပြရရင်တော့ အဲဒီအချိန်၊ အဲဒီ အခါက အသုံးပြုခဲ့တဲ့သင်္ဘောများဟာ အခုခေတ်ယခုအခါနှင့် တိုင်းတာမယ်ဆိုရင် တော်တော်သေးသေးလေးတွေဖြစ်ပါတယ်။ သင်္ဘောအများစုဟာလည်း Coastal ကိုသွားတဲ့ သင်္ဘောများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်ဆိပ်ကမ်းအနေနဲ့ စုစုပေါင်း ဆိပ်ကမ်း (၉)ခုရှိပါတယ်။ ဆိပ်ကမ်း (၉)ခုမှာ ဆိပ်ကမ်း (၇)ခုကတော့ မြစ် တွင်းသွားသင်္ဘောများဆိုက်ကပ် နိုင်တဲ့ Voy နဲ့ လုပ်ထားတဲ့ အတက်အဆင်း ဖြစ်ပါတယ်။ ထားဝယ်ဆိ ပ်ကမ်းလို့ခေါ်တဲ့ ဆိပ်ကမ်းနှစ်ခုကတော့ ကွန်ကရစ် တံတားတွေဖြစ်ပါတယ်။ ကွန်ကရစ်တံတားများသာလျှင် နိုင်ငံခြား ကကုန်တင်၊ ကုန်ချသင်္ဘောများ ဆိုက်ကပ်နိုင်ပါတယ်။ ထားဝယ်ဆိပ်ကမ်းမှာတော့ ကျွန်တော်တို့ သိသလောက် ပို့ဆောင်ရေး ဝန်ကြီးဌာနက ကြယ်ငါးပွင့် သင်္ဘောတွေ ထားဝယ်ဆိပ်ကမ်းမှာ ဆိုက်ကပ်ပါတယ်။ အဲဒီတုန်းက တန်ချိ န်အားဖြင့် ကျွန်တော် တို့ (၁၅၀၀)၊ (၂၀၀၀)ပတ်ဝန်းကျင် ပေါ့၊ ဘားအံသင်္ဘော၊ လားရှိုးသင်္ဘောတွေက Coastal ကို ပြေးဖို့ ဝယ်ထားတာဖြစ်ပါတယ်။ အဲဒီသင်္ဘောတွေက ရန်ကုန်ကနေပြီးတော့ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း တောက်လျှောက်ပြေးခဲ့ပါတယ်။ အဲဒီတော့ ရန်ကုန်ကနေ ပြည်မကထွက်ကုန်တွေကို မော်လမြိုင်ကို

ပို့တာဖြစ်တယ်။ ထားဝယ်ပို့တာရှိတယ်။ မြိတ်ပို့တာရှိမယ်။ ကော့သောင်း ပို့တာရှိတယ်။ အပြန်ကျလို့ရှိရင်လည်း ကော့ သောင်းကထွက်တဲ့ ကွမ်းသီးတွေ၊ ငါးပိငါးခြောက်တွေ အကုန်လုံး ရန်ကုန်ကို ပြန်သယ်ပါတယ်။ အဲဒီလိုမျိုး ကမ်းရိုးတန်းပို့ဆောင် ရေး ဆောင်ရွက် ခဲ့ပါတယ်။ သို့သော်လည်းပဲ နော က်ပိုင်း လက်တွေ့ဘယ်လိုတွေ့လာရလဲ ဆိုတော့ ကမ်းရိုးတန်းသွားတဲ့ သင်္ဘောတွေဟာ မော်လမြိုင်ဆိပ်ကမ်းဝင်လို့ရှိရင် အသွားကုန်၊ အပြန်ကုန် အင်မတန်နည်းသွား ပါတယ်။ အဲဒီတော့ နောက်ပိုင်းကျတော့ ကျွန်တော်တို့ သင်္ဘောတွေသည် အသွားကုန်၊ အပြန်ကုန်နည်းတဲ့အတွက်ကြောင့် ရန်ကုန်ကနေပြီးတော့ ထားဝယ်၊ မြိတ်၊ ကော့သောင်း နောက်တစ်ခါ အဲဒီလိုအသွားအပြန် မော်လမြိုင်ကိုချန်ပြီးတော့ ဒီလိုပဲ သွား လာခဲ့ပါတယ်။ ဒါ လေးငါးဆယ်နှစ်လောက်ကြာခဲ့ပါပြီ၊ အဲဒီလို ဖြစ်ခဲ့တဲ့အကြောင်း တရားကတော့ ကျွန်တော်တို့ Market သဘောတရားက ပို့ကုန်/သွင်းကုန် ရန်ကုန်ကို အပြန်ပို့တဲ့ကုန်၊ မော်လမြိုင်ကနေ မြိတ်၊ ထားဝယ်ပို့တဲ့ကုန်တွေ နည်းသွား လို့မဆင်းခဲ့တာ၊ မဆိုက်ကပ်ခြင်း ဖြစ်ပါတယ်။ ဒါကို ပဏာမ တင်ပြချင်ပါတယ်။ နောက်တစ်ချက်ကတော့ မော်လမြိုင်မြို့နဲ့ ဘီလူးကျွန်း ကြားထဲကရေပြင်ကြီး ဟာ တဖြည်းဖြည်းတိုက်စားပြီးတော့ ရေတိမ်လာပြီးတော့ ကျောက်ဆောင် တွေ ဖြစ်လာပါတယ်။ ကျောက်ဆောင်တွေဖြစ်လာပြီးတော့ ၂၀၀၆ ခုနှစ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနပိုင်တဲ့ သင်္ဘော တစ်စင်းဟာ မော်လမြိုင်ဆိပ်ကမ်းအဝင်မှာ ကျောက်ဆောင်နဲ့တိုက်ပြီးတော့ တစ်ဝက်လောက် မြုပ်သွားပါတယ်။ ဒါကို ကျွန်တော်တို့ ဆယ် တင်ရေးပြန်လုပ်ပါတယ်။ နောက်တော့ မော်လမြိုင်မြို့ ကိုဝင်တဲ့ သင်္ဘောအားလုံးကို Pilot ဆိုတဲ့ ရေကြောင်းပြနှင့် ငှားပြီးတော့ ဆိပ်ကမ်းတွေတက်ပြီး တော့ အဲ လိုအဝင်အထွက်လုပ်နေရပါတယ်။ ဒါကိုကျွန်တော် ဘာတင်ပြချင်သလဲဆိုတော့ မော်လမြိုင်ဆိပ်ကမ်းသည် Technically ပေါ့ သွားရေးလာရေးက ရေတိမ်လာတာ ဖြစ်တာမို့လို့ အခက်အခဲဖြစ်တာကို အားလုံးသိအောင်တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ မော်လမြိုင် ဆိပ်ကမ်းကိုခုနက ကိုယ်စားလှယ်တော် ကြီး မေးမြန်းထားတဲ့ အထဲမှာပါပါတယ်၊ မော်လမြိုင်ဆိပ်ကမ်းကို နိုင်ငံခြားပို့တဲ့ ကုန်တင်ကုန်ချ ဆိပ်ကမ်း အဟောင်းကိုပြုပြင်လို့ရတာအမှန်ဆို ပြု ပြင်စရာမလိုပါဘူး။ ဆိပ်ကမ်းက ရှိပြီးသား လည်း ဖြစ်ပါတယ်။ မော်လမြိုင်ဆိပ်ကမ်းက Coastal Line သွားတဲ့ သင်္ဘောတွေဝင်ထွက်လို့ရ ပါတယ်။ ကုန်သွယ်ရေးဝန်ကြီးဌာန အနေနဲ့လည်း ဒီဆိပ်ကမ်းကို နိုင်ငံခြားပို့ တဲ့ ဆိပ်ကမ်း အဖြစ် သတ်မှတ်ထားပြီးဖြစ်ပါတယ်။ Customer တွေရပါတယ်။ အခြေအနေကတော့ မွန်ပြည်နယ်ရဲ့

စီးပွားရေးအခြေအနေအရ ထုတ်ကုန်သွင်းကုန်လုပ်ငန်းများသည် မော်လမြိုင်ဆိပ်ကမ်း က နေပြီးတော့ ပို့တဲ့ Volume နည်းသွားတဲ့အတွက်ကြောင့် မူလရှိပြီးသား သင်္ဘောလိုင်း များ သူ့ကိုမကပ်ဘဲနဲ့ ကျော်သွားတာ ဖြစ်ပါတယ်လို့ ကျွန်တော် ပထမတင်ပြခြင်းဖြစ် ပါတယ်။ ဒုတိယအချက်ကတော့ ခုန ကိုယ်စားလှယ်တော်ကြီး တင်ပြသွား တဲ့အတိုင်း မွန်ပြည်နယ်မှာ ရာဘာတွေစိုက်လာပြီး တ ခြားထွက်ကုန်တွေ ထွက်လာပြီ ဆိုရင် ကျွန်တော် အကြံပြုတင်ပြ ချင်တာက ကိုယ်စားလှယ်တော်ကြီးတို့ တင်ပြသလိုပဲ မော်လမြိုင် ကနေပြီးတော့ နိုင်ငံခြား သင်္ဘောဆိုသည်မှာ ပင်လယ်ကြီးကိုဖြတ်သွားဖို့မလိုပါဘူး။ အခု ရန်ကုန်က သင်္ဘော အများစုဟာ ကျွန်တော်တို့ စင်္ကာပူအများဆုံးသွားပါတယ်။ ပင်လယ်ကူးသင်္ဘောတွေ တန်ချိန် တစ်သောင်း နှစ်သောင်းဆို ဒီကနေ တစ်ကမ္ဘာလုံးပို့တဲ့ ကုန်များကို ကျွန်တော်တို့ သင်္ဘောနဲ့တင်တယ်။ စင်္ကာပူ ချလိုက်တယ်။ စင်္ကာပူ သို့မဟုတ် ကေအယ်လ်ကို ချလိုက်တယ်။ သူကတစ်ဆင့်တခြားလိုင်းနည်းနဲ့ ဆက်သွယ်တာ ဖြစ်ပါတယ်။ ဒီဆိပ်ကမ်းသည် သင်္ဘောကြီးကြီးဆိုက်ကပ်နို င်မှ ဆိပ်ကမ်း တိုးတက်လာမှာမဟုတ်ပါဘူး။ အဓိကတော့ ထွက်ကုန်၊ သွင်းကု န်များတယ်ဆိုရင် သင်္ဘောကြီးကြီး မဆိုက်သော်လည်း သင်္ဘောလေးနဲ့ကျွန်တော်တို့က တစ်ဆင့်ပို့ပေးရတယ်။ ဒါကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အကြံပြုချင်တာကတော့ မော်လမြိုင်ဆိပ်ကမ်းအနေနဲ့ မြန်မြန်ဆန်ဆန်နဲ့ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်တာတော့ မော်လမြိုင်ကနေပြီးတော့ ကမ်းရိုးတန်း တစ်လျှောက်သွားပြီးတော့ ပီနန်ရယ် - ကေအယ်လ်ရယ်၊ စင်္ကာပူ-ကေအယ်လ်နှင့် စင်္ကာပူမရကာမှ ပီနန်နဲ့မော်လမြိုင်ကို ကျွန်တော်တို့ Trade လုပ်နိုင်မယ်ဆိုရင် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ် ဟာ အမြန်ဆုံးတိုးတက်မှာဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး မေးမြန်း ထားတဲ့ မေးခွန်း များကို ကျွန်တော် ကျန်တဲ့ကိန်းဂဏန်းများတော့ Technical Term တွေ ဖြစ်တော့ ကျွန်တော် မတင်ပြတော့ပါဘူး။ ကျွန်တော်တို့ ရေ ကြောင်းကန့်သတ်ချက်တွေအရ လက်ရှိဖြစ်ပေါ်နေတဲ့ ရေပြင်အနေအထားအရ တန်ချိန် (၁၅၀၀)လောက်ရှိတဲ့ Coastal သွား သင်္ဘော Maritime စကားနဲ့ ပြောမယ်ဆိုရင် Near Coastal Voy လို့ခေါ်ပါတယ်။ ပင်လယ် ကမ်းရိုးတန်းကို ကပ်ပြီးတော့သွားတဲ့ သင်္ဘောတွေရှိပါတယ်။ အဲဒါတွေသည် ပင်လယ်ကြီးကို ဖြတ်ပြီးမသွား ပါဘူး။ ဒီအတိုင်းသွားလို့ရပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး မေးမြန်းခဲ့တဲ့ ကုန်တင်ကုန်ချ သင်္ဘောဆိပ်ကမ်းဟာ ရှိထားပြီးသားပါ။ ဝင်ကုန်၊ ထွက်ကုန်နည်းလို့သာလျှင် ဒီဆိပ်ကမ်းဟာ ကျွန်တော်တို့ “အ”သွားတဲ့ သဘောရှိပါတယ်။

နောက်ဒုတိယအချက်ကတော့ ပင်လယ်ရေနက် ဆိပ်ကမ်းဆောက်ဖို့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ရေနက်ဆိ ပ်ကမ်းဆောက်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ လက်ရှိဆိပ်ကမ်းများအနေနဲ့ ကုန်တင်ကုန်ချကုန်ကိုင်တွယ်တဲ့နေရာမှာ မလုံလောက်တဲ့အတွက်ကြောင့် သင်္ဘောအကြီးကြီးတွေ ဆိုက်ကပ်နိုင်တဲ့၊ အခု ရန်ကုန်ဆိပ်ကမ်း ဆိုရင် ကျွန်တော်တို့ တန်ချိန် (၁၅၀၀၀) လောက်ဆိုက်ကပ်နိုင်ပါတယ်။ သီလဝါဆိပ်က မ်းဆိုရင် (၂၅၀၀၀)(၃၀၀၀၀)ဆိုက်ကပ်ပါတယ်။ တစ်ချိန်တည်းမှာပဲ သင်္ဘောဆိုက်ကပ်နိုင်တဲ့ အရေအတွက်ဟာ ကန့် သတ်ထားတာမို့လို့ သူ့ထက်ကြီးတဲ့ သင်္ဘောဆိုက်ကပ်နိုင်ဖို့ ရေနက် ဆိပ်ကမ်း တည်ဆောက်ခြင်းဖြစ်ပါတယ်။ အဓိကတော့ သွင်းကုန်၊ ထုတ်ကုန်အရေးကြီးပါတယ်။ ရေနက်ဆိပ်ကမ်းဆောက်မယ်ဆို ရင် ကုန်ကျစရိတ်လည်း အင်မတန်များပါတယ်။ မြန်မာနိုင်ငံ အနေနှင့် ခုနကိုယ်စားလှယ်တော်ကြီးရှင်းပြသလိုပဲ ထားဝယ်ရေနက်ဆိပ်ကမ်းရှိပါတယ်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းလည်း လောလောဆယ် Plan လုပ်ထားပြီးသား မကြာ ခင် ကျွန်တော်တို့ အမိန့်ကြော်ငြာ စာထွက်ပြီးတော့ ကျောက် ဖြူရေနက်ဆိပ်ကမ်းလည်းဆောက်ဖို့ရှိပါတယ်။ အဓိကတော့ တရုတ်ပြည်ကို ပို့မယ့်ကုန်တွေကို Transit အနေနဲ့ ကျောက်ဖြူကပို့ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့တော့ အဓိကကျတဲ့ မြန်မာတစ်နိုင်ငံလုံးကို ထုတ်ကုန်သွင်းကုန်တာဝန်ယူတဲ့ ရန်ကုန်ဆိပ်ကမ်းဟာ အခုအချိန်မှာ သူ့ရဲ့ Capacity ကို ၇၅/၈၀ လောက်ပြည့်နေပါပြီ။ ဆက်ပြီး ဒီထက်ပို မကိုင်တွယ်နိုင်တော့ပါဘူး။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သီလဝါမှာရှိတဲ့ ရေနက်ဆိပ်ကမ်းကိုဆောက်ဖို့ နို င်ငံတော်အနေနဲ့ စီစဉ်ဆောင်ရွက်လျ က်ရှိပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေနဲ့ဆိုရင် ထုတ်ကုန်သွင်းကုန်ကို ကိုင်တွယ်ဖို့ သီလဝါရေနက်ဆိပ်ကမ်းဟာ အဓိကဆိပ်ကမ်းဖြစ်ပါတယ်။ အဲဒီတော့ ခုနကိုယ်စားလှယ်တော် ကြီးမေးခဲ့တဲ့ တနင်္သာရီတိုင်းမှာ မွန်ပြည်နယ်မှာ ရေနက်ဆိပ်ကမ်း ဆောက်ဖို့ဆိုတာ ဒီထုတ်ကုန်သွင်းကုန် ပို့ကုန်သွင်းကုန်တွေရဲ့ Volume ဘယ်လောက်ရှိနိုင်မလဲပေါ့၊ အဲဒီမှာ ကျွန်တော်တို့ Cargo လုပ်ငန်း ပိုက်ဆံဘယ်လောက်ရနိုင်မလဲ၊ ကျွန်တော်တို့ကPhysically Study လေ့လာလို့ရပါတယ်။ တကယ်တည်ဆောက်ဖို့ကျတော့ Investment အများကြီးရှိတဲ့အတွက်ကြောင့် အချိန်ယူပြီးတော့ Commercially Flexible ဖြစ်မဖြစ်လည်း ကျွန်တော်တို့ တွက်ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မော်လမြိုင်နဲ့ပတ်သက်ပြီး ရေနက်ဆိပ်ကမ်းဆောက်တာနဲ့စာရင် လောလောဆယ် Coastal Line သွားတဲ့ မြန်မြန်ဆန်ဆန်သွားနိုင်တဲ့ သင်္ဘောလေးတွေလည်း ၁၅၀၀ လောက်နဲ့

ပီနန်-ကေအယ်လ်သွားနိုင်တဲ့လုပ်ငန်းသည် မွန်ပြည်နယ်အတွက် မြန်မြန်ဆန်ဆန်အကောင်အထည် ဖော်နိုင်ပြီးတော့ မြန်မြန်ဆန်ဆန် အကျိုးစီးပွားဖြစ်နိုင်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းကိုပဲ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရနဲ့ ကိုယ်စားလှယ်တော်ကြီးများ ပူးပေါင်းပြီးတော့ ဆောင်ရွက်အကောင်အထည်ဖော် သင့်ပါတယ်လို့ အကြံပေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသော (၃-၄-၁၉၉၉)ရက်စွဲပါ စာအမှတ်၊ ၄၀၅-၃-၂/ နယကအား ပယ်ဖျက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှ တ်တော်ကိုယ်စားလှယ်တစ်ဦးမေးမြန်းတဲ့ မေးခွန်းဟာ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယုက ပြည်တွင်းဆေး ဝါးထုတ်လုပ်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် ခေတ်စနစ်နှင့်ကိုက်ညီမှုမရှိသော (၃-၄-၁၉၉၉)ရက်စွဲပါ စာအမှတ် ၄၀၅-၃-၂/နယက အား ပယ်ဖျက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးတင်ယု ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ယု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရှ င်းလင်းတင်ပြတဲ့အထဲမှာ အင်္ဂလိပ် လို အသုံးနှုန်းလေးများအား ခွင့်ပြုပေးပါရန်နှင့် အနည်းငယ်ရှင်းလင်းဖတ်ကြားတင်ပြခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)**။ ။ပြည်တွင်းအနောက်တိုင်းဆေးဝါး ထုတ်လုပ်သောစက်ရုံများအနေနှင့် ကျန်းမာရေးဝန်ကြီးဌာနကနေ ပြီးတော့ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်နှင့် အမှ တ်(၁)စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိ က စက်မှုလုပ်ငန်းမှတ်ပုံတင်များကို လျှောက်ထားပြီးမှသာ ဆေးဝါးထုတ်လုပ်မှုလုပ်င န်းများ ဆက်လက်ဆောင်ရွက်ခွင့်ရပါတယ်။ ဆေးဝါးထုတ် လုပ်ခွင့်လိုင်စင်နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်တို့နှင့် စပ်လျဉ်း၍ ဥပဒေများနှင့်ညွှန်ကြားချက်များ အပြည့်အစုံထုတ်ပြန်ထားပြီးသားလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အနောက်တိုင်း ဆေးဝါးထုတ်လုပ်မှုလိုင်စင် Drug Manufacture လိုင်စင်နှင့် ဆေးဝါးမှတ်ပုံတင် Drug Registration Certificate (DRC) များကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန Food and Drug Administration(FDA) မှ စိစစ်ထုတ်ပေးခဲ့ပြီးတော့ အနောက်တိုင်းဆေးဝါးထုတ်လုပ်သူ (၃၈)ဦးခန့်ဟာ အိမ်သုံးဆေးဝါးများ Over The Counter (OTC) ဆေးဝါးများထုတ်လုပ်ခဲ့ကြပါတယ်။ အဆိုပါ တိုင်းရင်း သားအနောက်တိုင်းဆေးဝါးများ ထုတ်လုပ်ခဲ့ကြတဲ့ အိမ်သုံးဆေးဝါးများဟာ ဆေးပြား၊ ဆေးမှုန့်၊ ဆေးရည်များ သာဖြစ်ပြီးတော့ ဘေးအန္တရာယ် များသော၊ ဘေးထွက်ဆိုးကျိုးများသော ဆေးဝါးများမဟုတ်ကြပါ။ ထုတ်လုပ် မှုနည်းစဉ်နဲ့ ဆေးဝါးဖော်စပ်နည်း Formula များ ရှုပ်ထွေးခြင်းမရှိသလို ထုတ်လုပ်မှုအတွက် အဆင့်မြင့်နည်းပညာများ အထူးလိုအပ်သော ဆေးများလည်းမဟုတ်ပါ။ သုံးစွဲသောဆေးဝါး ကုန်ကြမ်းများမှာလည်း BP(British Phanmacopia) ဗြိတိသျှဆေးဝါး စံချိန်စံညွှန်းကျမ်းနှင့်ကိုက်ညီသော ဆေးဝါးကုန်ကြမ်းများ ဖြစ်ပြီးတော့ ၄င်းတို့၌ ကိုယ်ပိုင်အဆင့်မြင့် ဓာ တ်ခွဲခန်းများလည်း ရှိကြပါတယ်။ အဆိုပါ တိုင်းရင်းသားအနောက်တိုင်းဆေးဝါးများ ထုတ်လုပ်သူများထုတ်လုပ်ခဲ့ကြတဲ့ ဆေးဝါးများဟာ တစ်စုံတစ်ရာ ဘေးအန္တရာယ် ပြဿနာပေါ် ပေါက်ခဲ့ခြင်းမရှိသည့်အပြင် နိုင်ငံတော်အတွ က် အကျိုးရလဒ်များစွာ ဖော်ဆောင်ပေးခဲ့ကြပါတယ်။ အဆိုပါ တိုင်းရင်းသားလုပ်ငန်းရှင်များဟာ အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့လည်းကောင်း၊ ပုဂ္ဂလိကစ က်မှုလုပ်ငန်းမှတ်ပုံတင် လျှောက်ထားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်များကို ထ ပ်မံချထားခွင့်ပြုပေးခြင်း မရှိ ခဲ့တော့ပါ။ နိုင်ငံတော်ရဲ့ စက်မှုလုပ်ငန်းသမိုင်းစဉ် တစ်လျှောက် ယခင်က မဖြစ်ထွန်းခဲ့ဖူးသော တိုင်းရင်းသားပုဂ္ဂလိက စွန့်ဦးတီထွင် အနော က် တိုင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ တစ်နည်းအားဖြင့် အရှိန်အဟုန်ရရှိနေသော အမျိုးအမည်သစ်စီးပွားရေးလုပ်ငန်း အသိုင်းအဝိုင်းများဟာ အမှတ် (၁)စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်ခွင့်မပေးခဲ့တဲ့အတွက် တုန့်ဆိုင်းသွားခဲ့ရပါတယ်။ ယခုအခါမှာ ကျွန်တော် တို့နိုင်ငံမှာ ဆေးဝါးတက္ကသိုလ် ထူထောင်နိုင်ခဲ့ပြီးတော့ ဆေးဝါးထုတ်လုပ်မှုကျွမ်းကျင်သူများကိုလည်း မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတကာမှ လက်ခံထားတဲ့ ကုန်ကြမ်းကုန်ချောများကို စံချိန်စံညွှန်းနှင့်အညီ စံချိန်စံညွှန်း အရည်အသွေး စမ်းသပ်မှုနည်းပညာကျမ်း များဖြစ်တဲ့ (USP) United State Phanmacopia, (BP)British Phanmacopia , (IP) International

Phanmacopia စသည့် နည်းပညာ ကျမ်းစာအုပ်များအား အခြေပြုလျက် ဆေးဝါးဖော်စပ်ရာတွင် လိုက်နာရမည့်ဖော်စပ်နည်း၊ လုပ်ကိုင်နည်းအရည်အချင်း၊ အာနိသင်စံချိန်စံညွှန်း စသည့် စည်းကမ်းချက်များပါဝင်သည့် BP (British Phanmacopia)(odx) ကျမ်းပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်လုပ် နိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ASIAN GUIDE LINE, GMP(Good Manufacturing Practice) နှင့် WHO GMP(Good Manufacturing Practice) စသည့် ထုတ်လုပ်မှုကျင့်စဉ်မှန်နှင့်အညီလည်း မိမိတို့ ဆေးဝါးစက်ရုံများမှ လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း သိရှိရပါသည်။ သို့ပါသော်လည်း ဆေးဝါးထုတ်လုပ်မှု လုပ်င န်းများအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်သက်တမ်းတိုးလျှောက်ရာတွင် (၂၃-၄-၁၉၉၉) ရက်စွဲပါ စာအမှတ် ၄၀၅/၃-၂/နယကဖြင့် ပြည်တွင်းဆေးဝါး ထုတ်လုပ်မှုစက်ရုံများသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင် ထပ်မံခွင့်မပြုရန် ညွှန်ကြားထားသည့် စက်မှုလုပ်ငန်း (၆)ခုတွင် ပါဝင်သောအကြောင်းပြချက်များဖြင့် စက်ရုံများ ပိတ်သိမ်းရပ်ဆိုင်းရန် အမှတ် (၁)စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားခဲ့ကြောင်း သိရှိရသဖြင့် အောက်ပါကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းလိုပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားဆေးဝါးဥပဒေအရ ပေါ်ထွန်းခဲ့သော ပြည်တွင်းအနောက်တိုင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုး ကျယ်ပြန့်လာရေးအတွက် အဟန့်အတားဖြစ်လျက်ရှိသော ခေတ်စနစ်နဲ့ကိုက်ညီမှု မရှိတော့သည့် (၂၃-၄-၁၉၉၉) ရက်စွဲပါ စာအမှတ် ၄၀၅-၃-၂/နယကအား ပယ်ဖျက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး အမှတ် (၁)စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာ ကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ အမှ တ်(၁)စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ ရန်ကုန်တို င်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ယု ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်းရဲ့ ပြည်တွင်းပုဂ္ဂလိက နိုင်ငံခြားဆေးဝါး စက်မှုလုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ မေးခွန်းအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိက စက်မှုလုပ် ငန်းဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေနှင့် နည်းဥပဒေများ၊ အနောက်တိုင်းဆေးဝါး စက်ရုံတည်ဆောက်ရန်လိုအပ်သည့် စည်းကမ်းချက်များနှင့်အညီ စံချိန်စံညွှန်းမီဆေးဝါးများကို ထုတ်လုပ်မည်ဆိုပါက အနောက်တိုင်း ဆေးဝါးထုတ်လုပ်ခွင့် ပေး မည်ဖြစ်ကြောင်းကိုလည်း ၂၇-၉-၂၀၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့မှာ အမှတ် (၁)စက်မှုနှင့်အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းမှ ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အနောက်တိုင်းဆေးဝါးများ ထုတ် လုပ်တဲ့လုပ်ငန်းအချို့ ဟာမမှန်မကန်ပြုလုပ်တာကို စစ်ဆေးတွေ့ရှိ တဲ့အတွက်ကြောင့်လည်း ဆေးဝါးထုတ် လုပ်မှုလုပ်ငန်းများကို စက်မှုလုပ်ငန်းအဖြစ် အဓိက ကန့်သတ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ၄င်းနောက်ပိုင်းမှာ လည်း တိုင်းရင်းဆေးဝါးလုပ်ငန်းရှင် အချို့ဟာ အနောက်တိုင်း ဆေးဝါးတွေကို တို င်းရင်းဆေးများတွင်ရောပြီးတော့ ထုတ်လုပ်ရောင်းချတယ်။ ပြည်ပမှ အနောက်တိုင်းဆေးဝါးများကို တရားမဝင် Bulk အလိုက် တင်သွင်း၍ GMP စနစ်နှင့်မကိုက်ညီတဲ့ နေရာတွေမှာ ထုတ်ပိုးရောင်းချခြင်းများ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ဆေးဝါးများ မှာ အသုံးပြုသော Active Pharmaceutical Ingredients (API) များကိုပဲပြည်တွင်းမှာ ထုတ်လုပ် မည်ဆိုရင် အတွေ့အကြုံ၊ အရင်းအနှီး၊ ကျွမ်းကျင်မှုနှင့် အချိန်များစွာ လိုအပ်မည် ဖြစ်ပါတယ်။ ပြည်တွင်း၌ အနောက်တိုင်းဆေးဝါးများ ထုတ်လုပ်မည်ဆိုလျှင်လည်း API များ Excipients များကို ပြည်ပမှတင်သွင်းပြီးတော့ ပြည်တွင်း၌ ရောစပ်ထုတ်လုပ်ကြရမှာဖြစ်ပါတယ်။ ရောစပ် ရာတွင် Formula မှန်ကန်မှုရှိဖို့ နည်းစနစ်များ မှန်ကန်မှုရှိဖို့ဟာလည်း အလွန် အရေးကြီးပါတယ်။ Formula တီထွင်ပြီးတော့ ဆေးဝါးတွေကို ထုတ်လုပ်မည်ဆိုပါကလည်း ထုတ်လုပ်မှုနည်းစဉ် ဖြစ်တဲ့ (Standard Operating Procedure(SOP) ကို Reproducible ဖြစ်ကြောင်းကိုလည်း တိ တိကျကျပြတ်သားစွာ အတည်ပြုနိုင်ရန်နှင့် Side Effect နည်းနိုင်သမျှနည်းစေရေးကိုလည်း ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အရည်အသွေးကောင်းမွန်မှု (Quality) အကျိုးသက်ရောက်မှု (Efficiency) နှင့်

ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) ဆိုင်ရာ အချက်အလက်များကိုလည်း အဆင့်ဆင့်စိစ စ်ပြီး တော့ Proven Formula ဖြစ်ရပါမယ်။ ထုတ်ပြန်ထားတဲ့ စာစောက အမိန့်ညွှန်ကြားချက်က လည်း ထိုအချိန်အ ခါက ဖြစ်ပေါ်နေသည့် အခြေအနေအပေါ် သုံးသပ်ပြီး ထုတ်ပြန်ထားခြင်းဖြစ် ပါတယ်။ အဆိုပါ ညွှန်ကြားချက်များကို လက်ရှိအခြေအနေနှင့် ချိန်ထိုး၍ လေ့လာသုံးသပ်ပြီး တော့ ပြင်ဆင် ပယ်ဖျက်ဖို့လည်း ဆောင်ရွက်ဖို့ နဲ့အချိန်ကာလတစ်ခု လိုအပ်မှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ဆေးဝါး များထုတ်လုပ်ရေးနှင့် ပတ်သက်ပြီးတော့လည်း ယနေ့ မြန်မာ့ အလင်းသတင်းစာမှာလည်း အနောက်တိုင်း ဆေးဝါးများကို ပြည်တွင်း၌ ထုတ်လုပ်လိုသူများ အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဆက်သွယ်ရန် ဖိတ်ခေါ်ပါတယ်။ ရင်းနှီးမြှုပ်နှံ ခွင့်ရရှိရေးအတွက်လည်း လုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်သွယ်ရန် ဦးအောင်နိုင်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်သီတာမြင့်၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆိုပြီးတော့ ယနေ့ နေ့စွဲနဲ့လည်း သတင်းစာများမှာ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဆေးဝါးထုတ်လုပ်ခွင့်နှင့်ပတ်သက်လို့ရှိရင် ဆေးဝါး ဟာ သုံးစွဲတဲ့ ပြည်သူ တွေရဲ့ အသက် အန္တရာယ်နဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ် ဖြစ်တဲ့အတွက် ကြောင့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ အတည်ပြုချက်ရရှိမှသာလျှင် ထုတ်လုပ်ခွင့် ပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်း စွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁ဝး၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ကပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသောငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅) ဦးက ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ခွင့်ဆိုင်ရာ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်၊ ဦးစွာ မဆွေးနွေးခင်မှာ ကျွန်တော်တို့ Democracy Practice တွေကို ဆောင်ရွက်တဲ့အတွက်ကြောင့် Democracy ပုံစံသွားနေတဲ့အခါမှာ ကျွန်တော်ရဲ့ ပုဂ္ဂလိက အယူအဆကတော့ Democracy Equal to Discipline လို့ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ စည်းကမ်းပြည့်ဝဖို့ လိုအပ်ပါတယ်။ ဒီ နေရာမှာ အခန်း(၃)ခွင့်ပြုမိန့်လျှောက်ထားခြင်းမှာ အပိုဒ်တစ် ပိုဒ်ထပ်ဖြည့်ဖို့လိုမယ်လို့ တင်ပြ လိုပါတယ်။ ကျွန်တော် ထပ်ဖြည့်ချင်တဲ့အပိုဒ်ကတော့ ဆန္ဒပြခြင်းဟာ ဆန္ဒပြရန်တင်ပြပြီး (၄၈)နာရီ ကြိုတင်၍ခွင့်ပြုမိန့် ရရှိပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် ဆန္ဒပြရ န် ပျက်ပြယ် သွားပါက (၂၄)နာရီအတွင်း အဆိုပါ ဆန္ဒပြရန် အစီအ စဉ် ပျက်ပြယ် သွားကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်လို့ တစ်ပိုဒ်ဖြည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ (၄၈)နာရီ ကြိုတင်ပြီးတော့ ခွင့်ပြုချက်ကို ရရှိမှာဖြစ်ပါတယ်။ သူတို့ကတော့ တစ်ပတ်ကြိုပြီးတော့ တင်ရမယ်။ ကျွန်တော်ဆန္ဒပြချင်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဘယ် နှစ်ယောက်နဲ့ ဘယ်နေရာ ကနေဘယ်နေရာထိ သွားမယ်ဆိုပြီးတော့ ဆန္ဒပြမယ်။ ဆန္ဒပြဖို့ ရာ တင်ပြတဲ့အခါမှာ သက်ဆိုင်ရာ ရဲကနေ (၄၈)နာရီအတွင်းမှာ မင်း ပြလို့ရပြီလို့ပြောမယ်။ အကြောင်းအမျိုးမျိုးကြောင့် သူဟာမပြဖြစ်ဘူးဆိုရင် (၂၄)နာရီအတွင်းမှာ ကျွန်တော်တို့ အစီအစဉ် ပျက်သွားပါတယ်ခင်ဗျားလို့ သတင်းပို့ဖို့လိုလိမ့်မယ်။ ဒီဟာ အချက်တစ်ချက်အနေနဲ့ ထည့်ထားတာ။ ဒီပြင်ဆို ခဏခဏ ကျွန်တော်တို့ပြမလို့နော်၊ ပြမလို့နော်လို့ ဆိုပြီးတော့ မပြ ဘဲနဲ့ ကျွန်တော်တို့ တာဝန်ရှိတဲ့သူတွေကို အဲဒီလို ခဏခဏဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့် ကြိုတင် ပြီးတော့ ဒီဥပဒေတစ်ရပ်ကိုထည့်သွင်း၊ အပိုဒ်တစ်ပိုဒ်ထည့်သွင်းခြင်းအားဖြင့် တစ်ယောက်နဲ့ တစ်ယောက်လေးလေးစားစား ဆန္ဒပြတဲ့သူရော၊ ခွင့်ပြုတဲ့သူရော တစ်ယောက်နဲ့ တစ်ယောက်

လေးစားမှုရှိဖို့လိုအပ်လိမ့်မယ်လို့ ကျွန်တော် အနေနဲ့ထင်လို့ အခန်း (၃)မှာ အပိုဒ် တစ်ပိုဒ်ဖြည့် လိုခြင်းဖြစ်ပါတယ်။

အခန်း(၅)စည်းကမ်းသတ်မှတ်ချက်များ၊ အဲဒီမှာကျွန်တော် ဘာဖြည့်ချင်သလဲဆိုတော့ ဆန္ဒပြရန် အဆိုပြုထားသော နေရာနှင့် စီတန်းလှည့်လည်သော ခရီးစဉ်တစ်လျှောက်၊ စိုက်ပျိုးထားသောသစ်ပင်၊ ပန်းမန်၊ အဆောက်အဦ၊ ဆိုင်းဘုတ်၊ မီးလုံးစသည်များပျက်စီးပါက ဆန္ဒပြရန် အဆိုပြုသူမှပေးလျော်ရမည်ဟု ထည့်သွင်းသင့်ပါတ ယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ တကာမှာ ဒီမိုကရေစီကိုဦးဆောင်ပြီးသွားနေတဲ့ အမေရိကန်နိုင်ငံမှာတောင် အဲဒီ အချက်တွေ ပါပါတယ်။ နောက်ဆန္ဒပြဖို့သွားမယ့် သစ်ပင်တွေ ၊ ပန်းမန်တွေ၊ ပန်းခြံထဲမှာ ဆန္ဒပြမယ်။ ပန်းခြံ တွေထဲ ထမင်းစားမယ်။ ကျွတ် ကျွတ်အိတ်တွေနဲ့ ထမင်းတွေဝေမယ်။ ပြီးရင်ဒါတွေ ဖွပစ်ခဲ့မယ်ဆိုရင် မဖြစ်ပါဘူး။ ဖြစ်ပေါ်လာသော အမှိုက်သရိုက်များကို ဆန္ဒပြသူများက တာဝန်ယူလှဲကျင်းသိမ်းဆည်းပြုပြင်ရမည်ဟုလည်း ထည့်ရမှာဖြစ်ပါတယ်။ နောက်တစ်ခါ အများ ပြည်သူပိုင်အုတ်နံရံ၊ အုတ်တံတိုင်း၊ ခုံတန်းလျားများ၌ မှုတ်ဆေး၊ သုတ်ဆေး၊ အခြားနည်းလမ်းများဖြင့် ညစ်ပေအောင် မပြုလုပ်ရဆိုပြီးတော့လည်း အချက်တစ်ချက် ထည့်သွင်းဖို့လိုပါတယ်။ နောက်တစ်ချက်က အဆိုပြုသောနေရာ၌ ညဥ့်အိပ်ညဥ့်နေအခြေပြုဆန္ဒပြခွင့် မပြုဆိုတဲ့အချက်လည်း ထည့်သွ င်းသင့်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မနေ့က ကျွန်တော်တို့ Wall Street Occupy ဆိုပြီးတော့ အမေရိကန်နယူးယောက်မြို့ Line Squire မှာ လူတွေ ၁၇၃ ယောက်ဖမ်းသွားပါတယ်။ သူတို့ ညအိပ်ပြီး ဆန္ဒပြခွင့်မရှိတာကို ညအိပ်ပြီး ဆန္ဒပြတဲ့အတွက်ကြောင့် ၁၇၃ ယောက်ဖမ်းသွားပါတယ်။ ပထ မနေ့ က ၁၄၀ ကျော်ဖမ်းတယ်။ ခုလူ ၃၀၀ လောက်သူတို့ ဖမ်းတာတောင်မှ မျက်ရည်ယိုဓာတ်ငွေ့တွေ၊ နံပါတ်တုတ်တွေ သုံးပြီးတော့ ဖမ်းရတာတွေ့တယ်။ ဒီမိုကရေစီရဲ့ ထိပ်တန်းနိုင်ငံကြီးဖြစ်ပါတယ်။ ကျွန်တော်တို့က အခုမှ ဒီမိုကရေစီကို သွားနေတာဖြစ်တဲ့အတွက် ထိပ်တန်းနိုင်ငံကြီး ဒီမိုကရေစီ ကို အင်မတန်မှ ရင့်ကျက်ပါတယ်ဆိုတဲ့ နိုင်ငံကြီးမှာတောင်မှ အဲဒီလို ဆန္ဒပြတဲ့နေရာမှာ ညဥ့်အိပ် ညဥ့်နေခွင့်မပြုပါဘူးခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်တို့လည်း အဆို ပြုတဲ့နေရာမှာ ညဥ့်အိပ်ညဥ့်နေ အခြေပြုဆန္ဒပြခွင့်မပြု၊ ပန်းခြံပိတ်ချိန်မှာတော့ ပန်းခြံကိုပိတ်ရမှာဖြစ်ပါတယ်။ ပိတ်ချိန်ကျော်လွန်ပြီးတော့ ငါတို့ညအိပ်ပြီးတော့ ဆက်ဆန္ဒပြမယ် ဆိုလည်းပြန်ပါ။ နောက်နေ့ကျမှ (၃)ရက်ပြမယ်ဆို နောက်နေ့ပြန်လာ ဒီလိုပုံစံမျိုးပဲဖြစ်သင့်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း (၇)မှာတော့ ကျွန်တော်တို့ ထောင်ဒဏ် တွေ၊ ငွေဒဏ်တွေ ပါပါတယ်။ အပိုဒ် ၁၇၊ ၁၈၊ ၁၉ အဲဒီမှာ ထောင်ဒဏ်(၂)နှစ်ထက် မပိုသော ငွေဒဏ် ငါး သောင်း ထက်မပိုသောဆိုပြီးတော့ ကျွန်တော်တို့ ပြုပြင်ထားတာဖြစ်ပါတယ်။ ထောင်ဒဏ် (၂)နှစ်ထက် မပိုသောက ပြည်သူ့လွှတ်တော်က ဖြစ်ပြီးတော့ ငွေဒဏ် ငါးသောင်းထက်မပိုသောက အမျိုးသား လွှတ်တော်က ဖြည့်ထားတာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ က ဒီကိစ္စဟာ တိတိကျကျ ပြောရမယ့် ကိစ္စဖြစ် ပါတယ်။ ကျွန်တော်တို့က ကျွန်တော် ရဲ့ ပစ္စည်းတစ်ခု ပျောက်သွားပါတယ်။ ပြန်တွေ့တဲ့သူ ထိုက်တန်စွာ ဆုချီးမြှင့်ပါမယ်လို့ ပြောလို့ မရပါဘူး။ ဒီလိုပြောလို့ မရပါဘူး။ ကျွန်တော်တို့က ဒါအရေး ကြီးတဲ့ကိစ္စဖြစ်နေတယ်။ ရပ်ကွက် ထဲက အားကစား ကွင်းကြီး လာပြိုင် ကြပါ၊ ပထမဆုရရင်ထိုက်တန်စွာ ဆုချီးမြှင့်မယ် ဒီလိုမျိုးပြောလို့မရပါဘူး။ ဒါအရေးကြီးပါတယ်။ ဒါကြောင့် ထပ်ဖြည့်ချင်တာက ထောင်ဒဏ် (၂)နှစ်ထက်မပို သောဆိုတဲ့နေရာမှာ ထောင်ဒဏ် (၁)နှစ်ထက်မနည်း။ (၂)နှစ်ထက်မပိုတာ တစ်ရက်တည်းနဲ့ လည်း သူက (၂)နှစ်ထက်မပိုဘူးဆို တော့ သူက တစ် ရက်တည်းထောင်ချပြီး လွှတ်ရင်လည်း ရတယ်။ ငွေဒဏ်ငါးသောင်းထက်မပို သော ကျပ်အနည်းဆုံးက တစ် ကျပ်လား။ ကျွန်တော်တို့က ဒါကို ဆွေးနွေးရမယ်။ အဲဒါကြောင့် သုံးသောင်းထက်မနည်း ငါးသောင်းထက်မများ။ အပိုဒ် ၁၇၊ အပိုဒ် ၁၈ ကတော့ ထောင်ဒဏ် တစ်နှစ်ထက်မပိုသော သုံးသောင်းထက် မပိုသော ဆိုတဲ့နေရာမှာ ထပ်ဖြည့်လိုတာကတော့ ခြောက်လထက်မနည်း၊ တစ်နှစ်ထက်မများ၊ ငွေဒဏ်ကလည်း တစ်သောင်းထက်မနည်း သုံးသောင်း ထက်မများ၊ ဒီလိုလေး ကျွန်တော်အနေနဲ့ bracket လေးနဲ့ ထားချင်ပါတယ်ခင်ဗျား။ အပိုဒ် ၁၉ မှာလည်း ထောင်ဒဏ်ခြောက်လထက်မပို တစ်သောင်းထက်မများဆိုတဲ့နေရာမှာသုံးလထက်မနည်း ခြောက်လထက်မပို၊ ငါးထောင်ထက်မနည်း၊ တစ်သောင်းထက်မများဆိုပြီးတော့ သတ်သတ် မှတ်မှတ်လေး စည်းကမ်းတကျ ဖြည့်စွက်လိုက်ရင် ဒီဥပဒေဟာ အင်မတန် ပြီးပြည့်စုံတဲ့ ဥပဒေ တစ်ရပ်ဖြစ်မယ်လို့ မျှော်လင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးမယ့်ခေါင်းစဉ်ကတော့ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချ မ်းစွာ စီတန်းလှည့်လည်ခွင့်ခေါင်းစဉ်အား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ဥပဒေမူကြမ်းမှာ ၁၈၆၁ ခုနှစ်၊ ပြစ်မှုဆိုင် ရာ ဥပဒေ၊ ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေ၊ ၁၉၄၅ ခုနှစ်ရဲအက်ဥပဒေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် (၃/၉၀)နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ညွှန်ကြားချက်အမှတ် (၂/၂၀၁၀)တို့ကို ကိုးကားပြီး ရေးဆွဲထားသည့်အတွက် ကျွန်တော်အနေနဲ့ အထူးပြင်ဆင်ဆွေးနွေးရန် မ ရှိတော့ပါ။ ၎င်းဥပဒေမူကြမ်းမှာ အမျိုးသားလွှတ်တော်မှ စိစ စ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ လွှတ်တော်မှလည်း အတည်ပြုပြီးပါက နိုင်ငံတော်သမ္မတကြီးမှ လက်မှတ်ရေးထိုး၍ ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဖြည့်စွက်တင်ပြလိုတာကတော့ ယခုအချိန် ကာလတွင် ဒီမိုကရေစီ စနစ်ကျင့်သုံးရာတွင် တစ် နှစ်မပြည့်သေးသည့် ကာလဖြစ်သည့်အပြင် နိုင်ငံတော်မှ ပြည်နယ်များသို့ ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက် နေဆဲကာလလည်းဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်နယ်များမှ ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်လာပြီး တည်ငြိမ်မှုရှိလာသောအခါကျမှသာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် အား ခွင့်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပ ဒေမူကြမ်းအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ က ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်း ကော်မတီက စေ့စပ်စွာ သုံးသပ်တင်ပြချက်များလည်း ကျွန်တော်တို့ ကြားနာရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပိုပြီး ပြည့်စုံသွားအောင် ပုဒ်မနဲ့ပုဒ်မခွဲ ၈ ခုလောက်ကို ဖြည့်စွက် ဆွေးနွေးချင်ပါတယ်။ ဥပဒေတစ်ခု ရေးသားပြုစုတဲ့နေရာမှာ ဥပဒေအနှစ်သာရပြည့်စုံဖို့ ကျစ်လျ စ်ခိုင်မာဖို့ မြန်မာစာရေးထုံးနဲ့ ညီဖို့ စသည်ဖြင့် ဒီလိုအချက်အလက်တွေပါဖို့လိုသလို ဥပဒေဟာလက်တွေ့ကျင့်သုံးတဲ့ အချိန်မှာ မြေပြင်မှာ ဘယ်လိုပျော့ကွက်ဟာကွက်တွေရှိမလဲ၊ ဒါကို ကျွန်တော်တို့ ပိုပြီးတော့ထည့်သွင်း စဉ်းစားဖို့လိုပါတယ်။ ဥပဒေတစ်ရပ်ဟာ ဒီဥပဒေ အဓိက အားဖြင့်တော့ အခြေခံဥပဒေမှာပါတဲ့ နိုင်ငံသားများရဲ့ အခြေခံမူလ အခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာတင်ပြခွင့်ကို ကျင့်သုံးနိုင်ဖို့ အတွက် ပြဋ္ဌာ န်းပေးခြင်းဖြစ်ပါတယ်။ တိတိကျကျ ရှင်းရှင်းလင်းလင်းပြောရရင်တော့ မိမိတို့ရဲ့ လိုလားချက် တစ်နည်းအားဖြင့် မိမိတို့ရဲ့ မကျေနပ်ချက်ကို တစ်ဦးချင်းဖြစ်စေ၊ အစုအဝေးလိုက် ဖြစ်စေ၊ လူအများအာရုံစိုက်မိအောင် သင့် တော်တဲ့နေရာတစ်ခုမှာ စုဝေးပြီး ဖော်ပြတာ စီတန်း လှည့်လည်ပြီးမှ ဖော်ပြတာကို ခွင့်ပြုတဲ့ ဥပဒေဖြစ်ပါတယ်။ စောစောတုန်းက လွှတ်တော် ကိုယ်စားလှယ် ဦး လှဆွေ ပြောသွားသလိုပဲ ဆန္ဒပြတဲ့ သဘောကို ဥပဒေဘောင်အတွင်းက ကန့်သတ်ခွင့်ပြုတာဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေနဲ့ပတ်သက်လို့ ကျင ့်သုံးတဲ့နေရာမှာ အများ အားဖြင့် ပြဋ္ဌာန်းချက်များကို နည်းမျိုးစုံ နဲ့ တစ်နည်းနည်းနဲ့ ကျော်လွန်ကျင့်သုံးတာတွေ့ရှိလာ နိုင်မှာ ဆိုတဲ့အတွက်ကြောင့် ဒီလိုတင်ပြခြင်း ဖြစ်ပါကြောင်း ရှေးဦးစွာ ကျွန်တော် ပဏာမတင်ပြ အပ်ပါတယ်။ ရှေးဦးစွာ အခန်း (၁) ရဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ (က) မှာ နိုင်ငံသားနဲ့ ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီ ဖွင့်ဆိုချက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ဘာမှပြောစရာ မရှိပါဘူး။ ပြည့်စုံလုံလောက်ပါတယ်။ ဒါအားလုံး မှန်ကန်ပါတယ်။ ဒါပေ မယ့် နိုင်ငံသားဥပဒေ အရဖြစ်စေ၊ နည်းဥပဒေအရဖြစ်စေ နိုင်ငံသားဖြစ်နေလင့်ကစား ပထမအချက်မှာမိမိတို့ ကိုယ်တိုင်က

နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ ပြည်သူ များရဲ့ လုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးတာဝန် စတာတွေကို လက်တွေ့ကိုင်တွယ် ကျင့်သုံးရတဲ့ တပ်ဖွဲ့များအနေနဲ့ ဒီနိုင်ငံသား တော့ဖြစ်တယ်။ သို့သော် ဒီဥပဒေပါ အခွင့်အရေးကို ကျင့်သုံးရန် မသင့် စေပါဘူး။ အလားတူပဲ အရပ်ဘက် ဝန်ထမ်းဖြစ်လင့်ကစား အရေးကြီးတာဝန် တစ်နည်းအားဖြင့် မရှိမဖြစ်တာဝန်မျိုး သက်ရောက်တဲ့ တာဝန်မျိုးကို ထမ်းဆောင်ရတဲ့နယ်ဘက် ဝန်ထမ်းများဟာလည်း ဒီဥပဒေပ ါ အခွင့်အရေးကို ကျင့်သုံးနေမယ်ဆိုရင် အများပြည်သူ အကျိုးကို ထိခိုက်နိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အင်္ဂလိပ်လိုစကားလေးသုံးခွင့် ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။အမေရိကန် ပြည်ထောင်စုမှာ သမ္မတ ရော်နယ်ရီဂင်လက်ထက်က Air Traffic Controller ဆိုတဲ့ လေကြောင်းထိန်းသိမ်းမှု အရာရှိများ ၊ အမှုထမ်းများ ဆန္ဒပြခဲ့ဖူးပါတယ်။ ငြိမ်းချမ်းစွာပါပဲ ဥပဒေဘောင်အတွင်းကပါ။ သို့သော် လည်း Air Traffic Controller ရဲ့ သဘောက တစ်နာရီလောက် အလုပ်ခွင်က ပျက်ကွက်ရင်လည်း လေယာဉ်အစီး ၁၀၀ လောက်၊ ဒါဧရာမ လေဆိပ်ကြီးတွေကို ပြောတာပါ။ ဒီလိုလေဆိပ်ကြီးတွေမှာ လေယာဉ်များရဲ့ ဆင်းသက်မှုကို ထိခိုက်ပြီး လူ့အသက်အန္တရာယ်တွေများစွာ ဖြစ်နိုင်တဲ့အတွက်အကြောင့် သူတို့ရဲ့ သမ္မတဖြစ်တဲ့ ရော်နယ်ရီဂင်ရဲ့ Executive Power ကိုကျင့်သုံးပြီး ဆင့်ခေါ်ပါတယ်။ အလုပ်ဝင်စေပါတယ်။ အဲဒီကြားထဲမှာလည်း လေတပ်ကနေပြီးတော့ Air Traffic Controller တွေ အစား ထိုးပြီး တာဝန်ပေးထားရတယ်။ မနာ ခံတဲ့အတွက်လည်း အလုပ်ခွင်ထုတ်ပယ်ပစ်တာ၊ တရားစွဲအရေးယူ တာတွေ ကျွန်တော် တွေ့ခဲ့ဖူးပါတယ်။ ဒါကြောင့် ဒီလိုသဘောသဘာဝ သက်ရောက်တဲ့ အရေးကြီးဝန်ထမ်းများအနေနဲ့လည်း နယ်ဘ က်ဝန်ထမ်းများအနေနဲ့လည်း ဒီအခွင့်အရေးကို ကျင့်သုံးလို့ မရနိုင်ဘူးလို့ ကျွန်တော်တို့မြင်ပါတယ်။ နောက်တစ်ခုက သာသနာ့ဝန်ထမ်းများနဲ့ ပတ်သက်ပါတယ်။ သာသနာ့ ဝန်ထမ်းဆိုတာ နဂိုကတည်း က အင်မတန်မွန်မြတ်တဲ့ လောကီရေး ကိုမဖက်တဲ့ သာသနာ့တာဝန် စစ်စစ်ကို ကျင့်သုံးကြတဲ့ ကြည်ညိုလေးစားဖွယ်ရာ ကောင်းသော ပုဂ္ဂိုလ်များဖြစ်တဲ့အတွက်ကြောင့် ဒီဟာမှာလည်း နိုင်ငံသားဖြစ်လင့်ကစား မပါသင့်ပါဘူး။ ဒါကြောင့်မို့လို့ ပုဒ်မ ၂ (က) ရဲ့ နောက်မှာ ခြွင်းချ က်အနေနဲ့ သို့ရာ တွင် ဤပြဋ္ဌာန်း ချက်တွင်

ကွက်လပ် ကွက်လပ် ကွက်လပ် မပါဝင်စေရဆိုတဲ့ သဘောမျိုး ဖြည့်စွက်ပြီးတော့ ထည့်ပေးရင် ပိုပြီးပြည့်စုံမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယကတော့ အပိုဒ် ၂ (င) မှာ ပိုစတာနဲ့ပတ်သက်လို့ ဖွင့်ဆိုထားပါတယ်။ ဒါလည်းကျွန်တော်တို့ သိပ်ပြီးအငြင်းပွားစရာ မရှိပါဘူး။ ကာတွန်းလို့ခေါ် တဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ Caricature လို့ခေါ်တဲ့ Characteristic ပေါ့။ ရုပ်လက္ခဏာကိုပေါ်စေတဲ့ ကရိကထတွေ ဒါမျိုးတွေပြောတာ ဆိုပါတယ်။ နောက်တစ်ခါ ရုပ်တုဆိုတဲ့နေရာမှာ ကိုယ်ဆန္ဒပြချင်တဲ့ ပုဂ္ဂိုလ် တစ်ဦးရဲ့ ရုပ်လက္ခဏာ ကိုပေါ်စေတဲ့ Effigy လို့ ခေါ်တဲ့ ရုပ်ထုတွေ၊ ဥပမာအားဖြင့် အမေရိကန် ကို မကျေနပ်ရင် Uncle Sam လို့ ခေါ်တဲ့ အရုပ်ကြီးကို ကြိုးကွင်းစွပ် ပြီးပြတာတို့ မီးရှို့ပြတာတို့ ကျွန်တော်ဒါမြင်ဘူးပါတယ်။ အဲဒီ သဘောကို ဒါခွင့်ပြုတဲ့သဘောရှိပါတယ်။ သို့သော် အဲဒါတွေ ကို စိုက်ထူ ရန်၊ ကပ်ထားရန် စီမံပြုလုပ်ထား သော အရာများလို့ ပါတဲ့အတွက် ကြောင့် နေရာအားဖြင့် စိုက်ထူရန်မသင့်သော ကပ်ထားရန်မသင့်တဲ့ နေရာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အဲလိုနေရာတွေနဲ့ ပတ်သက်လို့ ဒီဥပဒေရဲ့ ခြွင်းချက်အနေနဲ့ နောက်ဖက်မှာ ကန့်သတ်ချက် ကလေးထည့်ပေးရင် ပြည့်စုံမယ်လို့ ကျွန်တော် ထင်မြင်ပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူ အပိုဒ် ၂ (စ) မှာလည်းပဲ ဆိုင်းဘုတ်ကို အဓိပ္ပာ ယ်ဖွင့်ထားပါတယ်။ ဆိုင်းဘုတ်လည်း အလားတူ စိုက်ထူချိတ်ဆွဲရန် မသင့်တဲ့နေရာတွေ ရှိနိုင်တဲ့အတွက်ကြောင့် ကန့်သတ်ချက် ကလေးနဲ့ဖော်ပြရန် သင့်မယ်လို့ ကျွန်တော် စဉ်းစားမိပါတယ်။ အခန်း ၃ ပါ အပိုဒ် ၄ အောက်က အပိုဒ်ခွဲ (က) နဲ့ (ခ) မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီက အချိန်နဲ့ပတ်သက်လို့ နောက်တစ်ခါ အချိန် ကာလ အပိုင်းအခြားဆိုတာဖြည့်ထားတာ အလွန် လျော်ကန်သင့်မြတ်ပါတယ်။ စောစောတုန်းက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ ပူပန်တဲ့ကိစ္စကို ကြိုတင် ကာကွယ်ပြီးသား ဖြစ်ပါတယ်။ အချိန်ကာလ အပိုင်းအခြားကို ခွင့်ပြုထားကတည်းက ဘယ်နှစ်နာရီမှ ဘယ်နှစ်နာရီအတွင်းဆိုရင် အကာလ ညအ ခါကို ခွင့်ပြုမှာ မဟုတ်တဲ့အတွက် ကြောင့် ဒီအချက်ကပါသွားပြီးဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါ တယ်။ စောစောက ပြောတဲ့ Occupy Wall Street ကလည်းကျွန်တော်တို့ထဲမှာ တင်ပြဖို့ ပါ ပါတယ်။ သူတို့နိုင်ငံက ဒီမိုကရေစီအခွင့်အ ရေးကို ငြိမ်းချမ်းစွာ ကျင့်သုံး သော်လည်းပဲ အများ ပြည်သူ အနှောင့်အယှက်ဖြစ်လာအောင် ရက်ရှည်လများ ကျင့်သုံးလာတဲ့ အတွက်ကြောင့် ဒါအရေးယူလာရခြင်း ဖြစ်တဲ့အတွက် အချိန်ကာလ အပိုင်းအခြား ထည့်ပေး ထားခြင်းဟာ

ကြိုတင် ကာကွယ်ပြီးဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါကြောင်း ထောက်ခံအပ်ပါတယ်။ ဒီမှာလည်းကြွေးကြော်သံတွေပါနေပါတယ်။ ကြွေးကြော်သံများကိုလည်း ကြိုတင်ခွင့်ပြုချက်တောင်းခံစေခြင်းဟာ အလွန်မှန်ကန်ပါတယ်။ ဒါမှသာလျှင် မသင့်တာတွေကို ကြိုတင် တားနိုင်မှာဖြစ်ပါတယ်။ အပိုဒ် ၄ ရဲ့ အပိုဒ်ခွဲ (င)ကို ထပ်ပြီးဖြည့်စွက်ထားတာရှိပြီးသား (င)ကို (စ)သို့ ပြောင်းတာ ဒါတွေအားလုံးကို လည်း ထောက်ခံပါကြောင်းနှင့် နိုင်ငံသားသာမကဘဲနဲ့ နိုင်ငံသားများအဖြစ် ဖွဲ့စည်းထားတဲ့ အဖွဲ့ အစည်း နိုင်ငံရေးပါတီအပါအဝင်ဟာ ဒီဥပဒေကို လို က်နာရန် တာဝန်ရှိပါကြောင်း ကျွန်တော် ထောက်ခံအပ်ပါတယ်။ အခန်း ၅ မှာပါတဲ့ အပိုဒ် ၁၀ မှာ သတ်မှတ်ပေးထားသည့် နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရမည်ဟု ဥပဒေသဘော အရ ကျစ်ကျစ်လျစ်လျစ် တင်ပြထားခြင်းဟာ လျော်ကန်ပါတယ်။ သို့ရာတွင် လက်တွေ့ကျင့်သုံးတဲ့ အဆင့်ဟာ မြို့နယ်အဆင့်ဖြစ်ပါတယ်။ မြို့နယ်အဆင့်မှာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက ခွင့်ပြု ချက်ထုတ်ပေးမှာဖြစ်တဲ့အတွက်ကြောင့် ၄င်းရဲ့ ဆင်ခြင်တုန်တရား တစ်ခုတည်းနဲ့ သုံးသပ်ပြီး တင်ပြမှာဖြစ်တယ်။ ခွင့်ပြုမှာဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ အသက်အရွယ်၊ လုပ်ငန်းအတွေ့ အကြုံနဲ့အမြင်အပေါ်မှာ မူတည်ပြီးတော့ ခွင့်ပြုမှာဖြစ်တဲ့ အတွက်ကြောင့် ဒါအရေးကြီးပါတယ်။ ဒီဥပဒေထဲမှာ မပါရင်ဖြစ်စေ၊ သို့မဟု တ် ဖြုတ်ထားရင်ဖြစ်စေ ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ တည်မြဲအမိန့်သဘောနှင့် သတ်မှတ်ခွင့်ပြုရန် မသင့်တဲ့နေရာများကို သတ်မှတ်ထားသ င့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒ ါမှသာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း စသည်ဖြင့် မဖြစ်နိုင်ဘဲနှင့် စောဒ ကတက်စရာ၊ ငြင်းချက်ထုတ်စရာ မရှိသေးဘဲနှင့် ခွင့်ပြုချက်ပေးတဲ့အပေါ်မှာ တည်တည်ငြိမ်ငြိမ်နဲ့ ထိန်းသိမ်းနိုင်တာဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

နောက်တစ်ခါ အပိုဒ် ၁၂ (ဏ) မှာလည်း လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူသိက္ခာနှင့် ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေသည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရလို့ ပြောထားပါတယ်။ လူမျိုး၊ ဘာသာ၊ သာသနာတင်မက ကိုယ်ကျင့်တရားနှင့် သာမကဘဲနဲ့ ပြည်ထောင်စုရဲ့ နို င်ငံတော်ကို လည်း ထိပါးပုတ်ခတ်ရန်လည်း မသင့်တဲ့ အတွက်ကြောင့် နိုင်ငံတော်နှင့် ပြည်ထောင်စုကို ထိပါးပုတ်ခတ်ခြင်းမှ ထည့်ပြီးတော့ တားမြစ်သင့်ပါကြောင်း ကျွန်တော်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ အပိုဒ် ၁၂ (စ) မှာ ဥပဒေကြမ်း ကော်မတီက ပိုမို ရှင်းလင်းသွားအောင် ဝါကျနှစ်ခု ခွဲပြထားပါတယ် ။ အဲဒီမှာ

အလံဆိုတဲ့ ဝေါဟာရပါပါတယ်။ ကျွန်တော်တို့ အပိုဒ် ၂ (ဇ) တုန်းက အလံမှာပါတဲ့ နိုင် ငံတော် အလံကို ဖယ်ထား လိုက်ပါတယ်။ ဆိုလိုတာက နိုင်ငံတော်အလံဟာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေရှိပါတယ်။ သို့သော် အလံလို့ပဲပြောတဲ့အတွက်ကြောင့် ယေဘု ယျကြတဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်တွေဟာ စီတန်းလှည့်လည်တဲ့အခါမှာဖြစ်စေ၊ စုဝေးတဲ့အခါမှာဖြစ်စေ နိုင်ငံတော်အလံကို သုံးလာနိုင်တယ်။ ဒါကြောင့် အလံဆိုတဲ့ဝေါဟာရပါတဲ့အတွက်ကြောင့် နိုင်ငံတော်အလံကို အသုံးပြုမှုသာ နိုင်ငံတော်အလံဆိုင်ရာ ဥပဒေနှင့်အညီ အသုံးပြုရမယ်လို့ ထည့်သွင်းပြဋ္ဌာန်း ထားမယ်ဆိုရင် နိုင်ငံ တော်အလံကို မဖွယ်မရာဂုဏ်သိက္ခာကို သေးသိမ်ညိုးငယ်အောင် လုပ်ခွင့် မရှိအောင် တားမြစ်နိုင်မှာဖြစ်ပါကြောင်း ကျွန်တော်တင်ပြပါတယ်။ ထို့အတူ ခွင့်ပြုကြွေးကြော်သံများ ကြွေးကြော်ခြင်းလို့ပါတဲ့အတွက် ကြွေးကြော် တဲ့နေရာမှာ အသံချဲ့ စက်၊ Amplifier ယူနစ်တွေ Hone တွေ တင်လာပြီး တော့ ကြွေးကြော်တာကို ခွင့်ပြု မယ်၊ ခွင့်မပြုဘူးဆိုတာ အသံချဲ့ စက် ဥပဒေကတော့ ရှိနေတာပေါ့၊ အဲဒါတွေပါ ထည့်သွင်းစဉ်းစားဖို့ လိုပါကြောင်း တင်ပြအပ်ပါတယ်။

အခန်း (၆)အပိုဒ် ၁၃ မှာ ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ဆောင် ရွက်ရမယ်လို့ ပြဋ္ဌာန်းထား ပါတယ်။ မှန်ပါတယ်။ သို့သော် လက်တွေ့မှာတော့ ရဲအုပ်တစ်ယောက်တည်းနဲ့ မနိုင်ပါဘူး။ ဒါကြောင့် ပိုပြီးပြည့်စုံအောင် ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးကွပ်ကဲသည့် ခွင့်ပြု အင်အားရှိသော ရဲတပ်ဖွဲ့ဝင်များလို့ ထည့်လိုက်ရင်တော့ ကွပ်ကဲသည့် ခွင့်ပြုအင်အားရှိသော ရဲတပ်ဖွဲ့ဝင်များကို ထည့်လိုက်ရင်တော့ ပိုမိုပြည့်စုံ ပါမယ်လို့ ကျွန်တော်ထင်ပါကြောင်း တင်ပြ အပ်ပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းပဲ အပိုဒ် ၁၄ မှာလည်းပဲ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် ဆိုပြီးတော့ သူကဖောက်ပြန်မှု တစ်ခုခုရှိလို့ ရှိရင် ချက်ချင်း လာရောက်တားမြစ်ဖို့ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထား ပါတယ်။ တစ်ခြားတစ်နေရာက ဒုတိယ ရဲအုပ်တစ်ယောက်ကလာပြီး ဒီမှာတားနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ တစ်ခါတည်းလိုက် ပါလာတဲ့ ပုဒ်မ ၁၃ ပါ တာဝန်ကျ ရဲအရာရှိသည် လို့ ပြောရင်တော့ ပိုမိုမှန်ကန်ပြည့်စုံမ ယ်လို့ ထင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ကျန်ပုဒ်မများမှာ ဖြည့်စွက်တာ၊ ပြင်ဆင်တာ၊ ငွေဒဏ်တွေသတ်မှတ်တာ ၊ မလိုအပ်တဲ့ စကား အသုံးအနှုန်းတွေ နုတ်ပယ်ပေးတာ၊ ပုဒ်မ ၂၂ ကို ဖြည့်စွက်ပြီးတော့ ရှိပြီး ပုဒ်မ ၂၂ ကို ၂၃ အဖြစ်

ပြောင်းရွှေ့ခဲ့ခြင်းများသည် ပြည့်စုံမှန်ကန် သင့်လျော်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေကြောင်း ဆုတောင်းရင်း ကျွန်တော်ဒီနေရာက ရိုသေ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ဆွေးနွေးမယ့်ကိစ္စကတော့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေကြမ်းပေါ်မှာ ပြင်ဆင်ဆွေးနွေးပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော် ပြင်ဆင်ဆွေးနွေးသွားမယ့် အတိုချုပ်အားဖြင့်၊ အကျဉ်း အားဖြင့် ပြောရမယ်ဆိုရင် အပိုဒ် ၄ မှာ ဒီဆန္ဒစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်အတွ က် ၇ ရက် ကြိုတင်၍ တင်ပြရမယ်လို့ပါပါတယ်။ အဲဒီအစား ကျွန်တော်ကတော့ ၇ ရက်အစား အနည်းဆုံး ၃ ရက်ကြိုတင်၍လို့ ကျွ န်တော် ပြင်ဆင်တင်ပြထားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီဆန္ဒတစ်ခု ပြဖို့ဆိုတာ အရေးကိစ္စတစ်ခုဟာ အရေး ကြီးကိစ္စတစ်ခုဖြစ်ပေါ်လာတဲ့အခါမှာ ဆန္ဒပြချင်တဲ့ လူတွေအတွက် အချိန် ကိုတိုတိုနဲ့ ပြီးပြတ်နိုင်အောင် အတွက် ရည်ရွယ်ချက် ဖြစ်ပါတယ်။ အရေးတကြီးဖြစ်ပေါ်လာသော ကိစ္စရပ်များ အတွက် အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါ တယ်။ နောက် အပိုဒ် (င) မှာဆိုလို့ရှိရင်တော့ ကျွန်တော်ဖတ်ပြပါမယ်။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးအားဖြစ်စေ၊ နိုင်ငံသားအများစုကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ထားချက်နဲ့အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေး ခြင်း သို့ မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်လို့ မူလဥပဒေမှာ ရေးထား ပါတယ်။ အဲဒါကို ကျွန်တော်က ပြင်ဆင်တာကတော့ အထွေထွေအုပ်ချု ပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံ သော အကြောင်းပြချက်ဖြင့်ဆိုတဲ့ ခိုင်လုံသောအကြောင်းပြချက်တစ်ခုကို ထည့်ဖို့အတွက် ကျွန်တော်က

ပြင်ဆင်တင်ပြထားပါတယ်။ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ခွင့်ပြုမိန့်ထု တ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်ပါသည်လို့ ကျွန်တော်က အဲလိုပြင်ဆင်ထားပါတယ်။ ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ရသည့်အကြောင်းကို လျှောက်ထားတဲ့သူတွေက ရှင်းရှင်းလင်းလင်းသိဖို့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။

နောက်အပိုဒ် ၇ မှာ အပိုဒ် ၇ (က) နဲ့ (ခ) ဆိုပြီး နှစ်ခုရှိပါတ ယ်။ ဒီဟာနှစ်ခုကို ပေါင်းရေးလိုက်ရင်ပိုပြီးတော့ အဆင်ပြေမယ်လို့ ထင်ရတဲ့အတွက် ဒီအပိုဒ် (က) နဲ့ အပိုဒ် (ခ) နှစ်ခုကို ပေါင်းစပ်ပြီးတော့ ကျွန်တော်က ရေးသားပြီးတော့ ပြင်ဆင်ထားပါတယ်။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ခွင့်ပြုမိန့်ထုတ်ပေးလျှင်ဖြစ်စေ သို့မဟုတ် ခိုင် လုံသော အကြောင်းပြချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်လျှင်ဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်ရန် လျှောက်ထားချက်ပါ နေ့ရက်နှင့်အချိန် မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ လျှောက်ထားသူထံ စာဖြင့်အကြောင်းပြန်ကြားရမည် ဆိုပြီးတော့ ဒီလိုရေးထားပါတယ်။ စာဖြင့် အကြောင်းကြားရမယ်။ နောက်အပိုဒ် ၈ ကတော့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ တွင် ပါဝင်ခွင့်ပြုသည့် ဦးရေဆို တော့ ဒီအပိုဒ်ဟာ မလိုအပ်ပါဘူး။ လူဦးရေဆိုတာ စီတန်းလှည့်လည်တဲ့အခါမှာ ခန့်မှ န်းတာထက် လျော့ချင်လည်းလျော့မယ်။ ခန့်မှန်းတာ ထက် ပိုချင်လည်းပိုမယ်။ လမ်းမှာ စီတန်းလှည့်လည် သွားတဲ့အခါမှာ လမ်းမှာ ဝင်ပြီးတော့ စိတ်ဝင်စားတဲ့လူတွေက ပါဝင်လာတာမျိုးတွေ အတွေ့ အကြုံရှိဖူးပါတယ်။ ဒါကြောင့် ဒီအပိုဒ်ကို ပယ်ဖျက်သင့်ပါတယ်။ အကြောင်း ကတော့ မလိုအပ် သောကြောင့် ဖြစ်ပါတယ်။ နောက် နံပါတ် ၈ အပိုဒ်(ဂ)က ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်နှင့်နေရပ်လိပ်စာဆိုတော့ ဒီဟာကို တင်ပြရမယ်ဆိုရင်တော့ ဒါကိုလည်းမလိုအပ်တဲ့အတွက်ကြောင့် ပယ်ဖျက်သင့်ပါတယ်လို့ ကျွန်တော်ပြင်ဆင်ထားပါတယ်။

နောက်အပိုဒ် ၁၀ မှာ ဆိုလို့ ရှိရင် အပိုဒ် ၁၀(က)နဲ့အပိုဒ်(ခ)ဆိုပြီး နှစ်ပိုဒ်ရှိပါတယ်။ အပိုဒ် ၁၀ (က)မှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းရုံးတွေကို ဖော်ပြထားပြီးတော့ အပိုဒ် (ခ)မှာ တော့ ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသည့် နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်လို့ ပါတဲ့ အတွက်ကြောင့် ကျွန်တော် က အဲဒီနှစ်ခုကို ပေါင်းလိုက်ပြီးရင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထားသည့်နေရာတွင်သာ စုဝေးခြင်းပြုရမည်လို့ ကျွန်တော်က ပြင်ဆင်ထားပါတယ် ခင်ဗျား။ စကားအပိုဒ် သိပ်သည်းမှုရှိစေရန် ဖြစ် ပါတယ်။

နောက်နံပါတ် ၁၂ (င) မှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အလံပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းပြုလုပ်နိုင်ပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းများမပြုလုပ်ရဟု ရေးသားထားပါတယ်။ ဒီ အပိုဒ်ကို ပယ်ဖျက်သင့်တယ် လို့ ကျွန်တော် ပြင်ဆင်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ရုန်းရင်းဆန်ခတ်အမှုကို မဖြစ်စေသော ကြွေးကြော်သံများ၊ တောင်းဆိုသံများကို ကျွန်တော်တို့က ခွင့်ပြုသင့်ပါတယ်လို့ ယူဆလို့ပါ။ နောက်တစ်ခုက (စ)လုံခြုံရေးတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြ င့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်။ ဒီအပိုဒ်ဟာ မလိုအပ်ပါဘူး။ ဒီအပိုဒ်ကိုလည်းပယ်ဖျက်ဖို့ ကျွန်တော်တို့က ပြင်ဆင်ထားပါတယ်။ နံပါတ်(ခ)အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ကို လိုက်နာရမည်။ ဒီအပိုဒ်ဟာလည်း မလိုအပ်ပါဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဒါကိုလည်း ပယ်ဖျက်ပေးပါလို့ ကျွန်တော် ပြင်ဆင်ထားပါတယ်။ နောက် (ဇ)ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ လူစုခွဲရမည်လို့ ရေးသားထားပါတယ်။ ဒီအပိုဒ်ကလည်း မလိုအပ်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဒါကိုလည်းပ ယ်ဖျက်ရမယ်လို့ ကျွ န်တော် ပြင်ဆင်ထားပါတယ်။ ခွင့်ပြုမိန့်ကိုရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက်စည်းကမ်း ဖောက်ဖျက်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်အရေးယူ ဆောင်ရွက်ရမည်။ ဒီအပိုဒ်ဟာလည်း မလိုအပ်ဘူးလို့ ကျွန်တော်ယူဆပါတယ် ။ တကယ်လို့ ဥပဒေတစ်ရပ်ရပ်၊ အင်္ဂါရပ်တောင် မဟုတ်ဘူး ဒါ Procedure တစ်ခုအတွက် အစီအစဉ် ဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဒီဟာကို ပယ်ဖျက်ရမယ်လို့ ကျွန်တော်ပြင်ဆင်ထားပါတယ်။

နောက်အပိုဒ် ၁၇ မှာ မည်သူမဆို ခွင့်ပြုမိန့်နဲ့အညီ ငြိမ်းချမ်းစွာစုဝေးခြင်း (သို့မဟုတ်) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသူများ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထ င်ရှားစီရင်ခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ် စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ သူ့ မှာရေးထားပါတယ်။ ဒီအပေါ်မှာ ကျွန်တော်က ဘယ်လိုဖြစ်စေချင်လည်း ဆို လို့ရှိရင်တော့ အဲဒီလို တရားရုံး က ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံး နှစ်ထက်မနည်းသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ပြင်ဆင်ထားပါတယ်။

ဆိုလိုတာက အဓိပ္ပာယ်ဘာလဲဆိုလို့ရှိရင် လူတစ်ဦးဟာ လူတစ်ဦးရဲ့ ဆန္ဒကို ထုတ်ဖော်ပြောဆိုခွင့်ဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော နိုင်ငံတကာ လူ့အခွင့်အရေးမှာရောပါပြီးသားဖြစ်တဲ့အတွက်ကြောင့် ဒီလို အခွင့်အရေးမျိုးကို နှောင့်ယှက်ဖျက်ဆီး တယ်ဆိုလို့ရှိရင် ဒီလိုမဖြစ်စေရအောင် ဟန့်တားလိုသောဆန္ဒနဲ့ ဒီလိုပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ နောက်အပိုဒ် ၁၈ မှာ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ အဲဒါကို ကျွန်တော်ဘယ်လို ပြင်ဆင်လိုက်သလဲဆိုလို့ရှိရင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘာလို့လဲဆိုဒါပြစ်မှုနဲ့ပြစ်ဒဏ်မျှတမှုရှိဖို့ လိုအပ်တယ်လို့ ယူဆလို့ ဒီလိုပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

နောက်အပိုဒ် ၁၉ မှာ မည်သည့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ (င)အရ သတ်မှတ်ထားသော စည်းကမ်းတစ်ရပ်ရပ်သော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့မှ စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်ဆိုတော့ ဒီဥပဒေဟာ ကျွန်တော်ကတော့ အဲဒီ လိုဆန္ဒပြတဲ့လူတစ်ယောက်က အထက်ပါ စည်းမျဉ်းစည်းကမ်းတွေကို စီတန်းလှည့်လည်တာ စုဝေးတဲ့အထဲမှာ ပါတဲ့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အထက်ပါစည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်တယ်ဆိုလို့ရှိရင် အဲဒီလို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်သွားမည်လို့ ကျွန်တော်ပြင်ဆင်ထားပါတယ်။ ဒီမှာ ငွေဒဏ်ကိုထည့်ပေးရတဲ့ သဘောကတော့ မူလဥပဒေမှာ ငွေဒဏ်ဘယ်လောက်ဆိုတာ ဖော်ပြချက်မထားတဲ့အ တွက်ကြောင့်မို့လို့ကျွန်တော် ဖော်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။(သြဘာသံများ)

## ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဥပဒေကြမ်းကော် မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဒေါက်တာလှသိန်း က ဖတ်ကြား ရှင်းလင်းမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဒေါက်တာလှသိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ဌာနဆိုင်ရာပုဂ္ဂိုလ်များ ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် ၊ မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှသိန်း ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ အမျိုးသားလွှ တ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ ကိုယ်စားတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုဝန် ကြီး သဘာဝပတ်ဝန်းကျင်နှင့် သစ်တော ရေးရာဝန်ကြီးဌာနရဲ့ ၂၅-၈-၂၀၁၁ နေ့စွဲပါစာဖြင့် ပေးပို့လာတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းအား လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြားပြီးတော့ ၁-၉-၂၀၁၁ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ ကြပါတယ်။ ယင်း ဥပဒေကြမ်းကို သဘာဝပတ်ဝန်းကျင်နှင့် သစ်တော ရေးရာဝန်ကြီးဌာနကနေ ပြီးတော့ ၁၂-၉-၂၀၁၁ ရက်စွဲပါစာဖြင့် ခေတ္တရုပ်သိမ်းခဲ့ပြီးတော့ အသစ်ပြန်လည်ရေးဆွဲ ထားတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဌာနရဲ့ ၁၃-၁၀-၂၀၁၁ ရက် စွဲပါစာဖြင့် ပေးပို့တာကို ဥပဒေကြမ်းကော်မတီအနေနဲ့ လက်ခံထားရှိခဲ့ပါတယ်။ အဲဒီ ဥပဒေကြမ်းမှာ အခန်းပေါင်း (၁၄) ခန်းနဲ့ ပုဒ်မပေါင်း ၄၄ ခု ပါရှိတာကို တွေ့ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မ တီနဲ့ ဝန်ကြီးဌာနတို့ အပြန်ပြန်အလှန်လှန် ဆွေးနွေးပြီးတော့ အကျေအလည်ရရှိတဲ့ လေ့လာတွေ့ရှိချက်တွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို လေ့လာ စိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိခဲ့ရပါတယ်။ (က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဥပဒေသည် မိမိနိုင်ငံ၏ အခြေအနေနှင့် နိုင်ငံတကာ အခြေအနေတို့အရ အမှန်တကယ် လိုအပ်ပြီး ဆောလျင်စွာပြဋ္ဌာန်းပေးသင့်သော ဥပဒေဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းသည်နယ်မြေဒေသ အသီးသီးရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အသိတရားရှိရှိ ပူးပေါင်းဆောင်ရွက်ရမယ့် လုပ်ငန်းလည်းဖြစ်ပါတယ်။ (ခ) ထို့ကြောင့် အလွှာစုံပြည်သူအားလုံးနှင့် သက်ဆိုင်သော ဥပဒေဖြစ်သော်လည်း ဥပဒေကြမ်း၌ သုံးစွဲထားသော စကားရပ် များသည် ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများ ဖြစ်သည်နှင့်အညီ အများအားဖြင့် နားလည်ရန်ခက်ခဲနိုင်ပါတယ်။ သို့ရာတွင် အတတ်နိုင်ဆုံး လွယ်ကူစွာနားလည်အောင် သက်ဆိုင်ရာတို့က ကြိုးပမ်းရေးသားထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အချို့အသုံးအနှုန်းများကိုလ ည်း ဥပဒေကြမ်းကော်မတီနဲ့ ဝန်ကြီး ဌာန ညှိနှိုင်း၍ ပြန်လည်ပြင်ဆင် အစားထိုးခဲ့ မှုများလည်း ရှိပါတယ်။ (ဂ)ထို့အပြင် သက်ဆိုင်ရာ ဝန်ကြီးဌာန ကိုယ်စားလှယ်များပါဝင်သော ကော်မတီဖွဲ့စည်း တာဝန်ပေးအပ်ရာ၌ ကော်မတီကမူဝါဒနှင့် လမ်းညွှန်များချ မှတ်ပေးရန်ဖြစ်ပြီး လက်တွေ့ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွ က်ရမယ့် အဖွဲ့အစည်းက ဝန်ကြီးဌာန ဖြစ်ကြောင်း အဆိုပြုပြဋ္ဌာန်းချက်များအရ သိရှိ ရပါတယ်။ ဤဥပဒေကြမ်းကို လေ့လာတဲ့ အခါမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်မှာ ရေးသားထားတဲ့ ပုံ စံမှားယွင်းနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အရ ခေါင်းစဉ် မှာ ရေး သားထားတဲ့ ပုံစံမှားယွင်း နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အရ ခေါင်းစဉ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင် ငံဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၅ အရ ဥပဒေဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အောက်ကမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည်ဖြင့် ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ခေါင်းစဉ်ပုံစံကို ကျွန်တော်တို့ ဝန်ကြီးဌာန နဲ့ ဥပဒေကြမ်းကော်မတီတို့ညှိနှိုင်းပြီးတော့ ပြင်ဆင်ဖြဋ္ဌာန်းလိုက်တာကတော့ ခေါင်းစဉ်ကပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ရက်၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ရက်၊ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သ ည်လို့ ညှိနှိုင်းပြင်ဆင်ခဲ့ကြပါ တယ်။ ဥပဒေပါ အခန်း ၁ အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာဆိုလို့ရှိရင် ပုဒ်မ ၁ နှင့် ပုဒ်မ ၂ နှစ်ခုပါရှိ ပြီးတော့ ပုဒ်မ ၁ ကတော့ ဝန်ကြီး ဌာန မူလအဆိုပြုပြဋ္ဌာန်းချက်ကိုပဲ ကျွန်တော်တို့ နှစ်ဖွဲ့စလုံးက

သဘောတူလက်ခံအတည်ပြုခဲ့ပါတယ်။ အခန်း (၁) ပုဒ်မ ၂ (ဂ) မှာ ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းဆိုတဲ့အပိုင်းမှာ ရေ၊ လေ၊ အသံနှင့် အခြားဆိုတာ ပြန်ပါနေတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂ (ဂ) ရဲ့ရှေ့မှာရှိတဲ့ ပုဒ်မ ၂ (က) မှာ ပတ်ဝန်းကျင်ဆိုတာ အဓိပ္ပာယ်ဖော်ပြချက်မှာ မြေထု၊ ရေထု၊ လေထု ပါဝင် ပြီးဖြစ်တဲ့ အတွက်ကြောင့် ရေ၊ လေ နဲ့ အခြားအသံကို ပယ်ဖျက်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ဝန်ကြီးဌာနတို့ ညှိနှိုင်းချက်အရ အောက်ပါအတိုင်း ပြင်ဆင်ညှိနှိုင်းခဲ့ပါတယ်။ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းဆိုသည်မှာ ပတ်ဝန်းကျင် အရည်အသွေး တိုးတက်ရေးနှင့် ထိန်းသိမ်းရေးအလို့ငှာ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအတွက် ယေဘု ယျအရည်အသွေး သတ်မှတ်ချက်ကိုဆိုလို သည်ဆိုပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနပြဋ္ဌာန်းချက်ကနေပြီးတော့ ရေ၊ လေ အသံနှင့်အခြားကို ပယ်ဖျက်ထားပါတယ်။ အခန်း (၁) ပုဒ်မ ၂ (ဃ) မှာ ပိုင်ရှင်ဆိုတဲ့အမည် နဲ့ အဓိပ္ပာယ်ဖော်ပြချက် မှာ အငှားယူ သူဆိုတဲ့ စကား လုံးတစ်လုံး ပါလာတာကို တွေ့ရ မှာဖြစ်ပါတယ်။ ပိုင်ရှင်နှင့် အငှားယူသူ စကားရပ်ဟာ မဆီလျော်တဲ့အတွက်ကြောင့် ပယ်ဖျက်ပြီးတော့ ညှိနှိုင်းပြဋ္ဌာန်း လိုက်တာက ပိုင်ရှင်ဆိုသည်မှာ အဆောက်အဦ၊ မြေနေရာ သို့မဟုတ် ယာ ဉ်တစ်မျိုးမျိုးကို ပိုင်ဆိုင်သူလုပ်ငန်းရှင်၊ တာဝန်ခံလုပ်ကိုင် ဆောင်ရွက်သူ၊ အငှား ချသူ သို့မဟုတ် ပစ္စည်းထိန်း ကိုသော်လည်းကောင်း ယင်းပုဂ္ဂိုလ်တစ်ဦး၏ အမွေဆက်ခံသူ၊ ယုံမှတ်အပ်နှံခံရသူ သို့မ ဟုတ် ကိုယ်စားလှယ်သော်လည်းကောင်းဆိုသည်ဟု ညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ အခန်း (၁) ပုဒ်မ ၂ (ထ) ပုဒ်မခွဲငယ် (ထ) မှာ ကော်မတီဆိုသည်မှာ ဤဥပဒေအရဝန်ကြီးဌာနရဲ့ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ ကော်မတီဆိုသည်မှာ ဤဥပဒေအ ရ ဖွဲ့စည်းသည့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကိုဆိုသည်လို့ ဖော်ပြထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကိုက သဘာဝပတ်ဝန်းကျင် မဟုတ်ဘဲနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီလို့ ဖော် ပြ ထားပြီးတော့ အခန်း (၃) ပုဒ်မ ၄ မှာ ကော်မတီ၏ အမည်နေရာမှာလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီလို့သာ ဖော်ပြ ထားတဲ့အတွက်ကြောင့် သဘာဝဆိုတဲ့ စာလုံးကို ဖြုတ်ပြီး ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ဆိုလိုသည်လို့ ညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။

အခန်း (၂ )ရည်ရွယ်ချက်များအခန်းမှာ ပုဒ်မ ၃ တစ်ခုသာပါရှိပြီးတော့ ဒီအခန်း (၂) နဲ့ ပတ်သက်လို့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်းပဲ လက်ခံခဲ့ပါတယ်။ သဘောတူ

လက်ခံကြပါတယ်။ အခန်း (၃) မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်း ခြင်းဆိုတဲ့ အပိုင်းမှာ ပုဒ်မ ၅ ခု ပါ ရှိပါတယ်။ အဲဒီ ပုဒ်မ ၅ ခုကိုလည်း ဝန်ကြီး ဌာနနဲ့ ကော်မတီတွေနဲ့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုပြင်ဌာန်းချက်ပဲ လက်ခံခဲ့ပါတယ်။ အခန်း (၄) ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အခန်းမှာ ပုဒ်မ ၉ နဲ့ ပုဒ်မ ၁၀ နှစ်ခုပါရှိပါတယ်။ အဲဒီတော့ ပုဒ်မ ၉ မှာ ပုဒ်မခွဲငယ် ၂၅ ခု ပါရှိပြီးတော့ ပုဒ်မ (ဃ) မှာ ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဆိုတဲ့ကဏ္ဍမှာ ထုတ်လွှတ်အခိုးအငွေ့ များနဲ့ စွန့်ထုတ်အရည်များလို့သာ ပါပြီး တော့ အခိုးအငွေ့နဲ့ အရည်ပါပြီး အစိုင် အခဲ မပါတဲ့အတွက်ကြောင့် ကျွန်တော် တို့ ကော်မတီ အနေနဲ့ စွန့်ထုတ်အစိုင်အခဲဆိုပြီးတော့ ညှိနှိုင်းဖြည့်ဆည်းတဲ့အခါမှာ ဖော်ပြပါအတိုင်း ပြင်ဆင်ခဲ့ ပါတယ်။ ပတ်ဝန်းကျင် အရည်အသွေးထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ် အခိုးအငွေ့များ၊ ထုတ်လုပ် အရည်များနှင့် ထုတ်လုပ်အစိုင်အခဲများဆိုပြီးတော့ အစိုင်အခဲကို ထည့်ပြီးတော့ ကုန်ထုတ်လုပ်မှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့်ထွက်ကုန်များ၏ စံချိန်စံညွှန်းများ အပါအဝင် ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်ခြင်းဆိုပြီးတော့ ညှိနှိုင်းပြင်ဆင် ခဲ့ပါတယ်။ အခန်း (၄) ပုဒ်မ ၉ (ဎ) မှာ အဆိပ်အတောက်နှင့် ဘေး အန္တရာယ်ရှိတဲ့ပစ္စည်းများ ပြုပြင်သန့်ရှင်းရေးအပိုင်းမှာ သူက စွန့်ပစ်အစိုင်အခဲ တစ်ခုပဲပါပြီးတော့ စွန့်ပစ်အရည်မပါတာ တွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ မူလပြဋ္ဌာန်းချက် မှာ အဲဒီတော့ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်ပြီးတော့ အဆိပ် အတောက်နဲ့ ဘေးအန္တရာယ်ရှိ ပစ္စည်းများပါဝင်သည့် စွန့်ပစ် အစိုင်အခဲ၊ စွ န့်ပစ်အရည်များအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့်စက်ရုံများ၊ စက်ခန်း များတည်ထောင်ရေးကို တိုးမြှင့် ဆောင်ရွက်ခြင်းလို့ ညှိနှိုင်းပြဋ္ဌာန်းခဲ့ပါတယ်။ အခန်း (၄) ပုဒ်မ ၁၀(ဃ)မှာ ငွေရေးကြေးရေးကိစ္စ ဖော်ပြထားတဲ့အပိုင်းမှာ တိတိကျကျမပါရှိပါဘူး။ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုပြင်ဌာန်းချက် မှာ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ မိမိတို့၏ဝင်ငွေ၊ အသုံးစရိတ်၊ အခြေ ပစ္စည်း၊ ငွေပေးချေရန်တာဝန်နှင့် အခြားငွေရေး ကြေးရေးဆက်ဆံမှုများ အားလုံးအတွက် သင့်လျော်သော စာရင်းနှင့်မှတ်တမ်းများထားရှိရမည်လို့ သင့်လျော်သော စကားလုံးကို သုံးထားတာတွေ့ရပါတယ်။ သင့်လျော်သောစကားလုံးဟာ တိတိကျကျမဖြစ်တဲ့ အတွက်ကြောင့် ဒီဟာကို ကျွန်တော်တို့ သင့်လျော်သောကို ဖြုတ်ပြီးတော့ ပြင်ဆင်ရန်ညှိနှိုင်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ဆုံးဖြတ်ပြီး တဲ့နောက်မှာ ယခုဖော်ပြပါအတိုင်း အခန်း (၄) ပုဒ်မ ၁၀ (ဃ) ကို ဖော်ပြပါတယ်။ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတို့သည် ပတ်ဝန်းကျင်

ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ မိ မိတို့၏ ဝင်ငွေ၊ အသုံးစရိတ်၊ အ ခြားပစ္စည်းငွေပေးချေရန် တာဝန်နှင့် အခြားငွေရေးကြေးရေးဆက်ဆံမှုများ အားလုံးအတွက် စာရင်းနှင့်မှတ် တမ်းများထား ရှိရမည်လို့ သင့်လျော်သောကို ဖြုတ်ပြီးတော့ ဖော်ပြခဲ့ပါ တယ်။ အခန်း (၄) ပုဒ်မ ၁၀ (င) မှာ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး စီမံခန့်ခွဲမှု ရန်ပုံငွေမှရငွေ၊ သုံးငွေရှင်းလင်းချက် အစီရင်ခံစာကို ဝန်ကြီးဌာနသည် ကော်မတီသို့လည်းကောင်း ၊ ဦးစီးဌာန သည် ဝန်ကြီးဌာနသို့လည်းကောင်းလို့ ရှေ့နောက်မှားယွင်းဖော်ပြထားတာရှိပါတယ်။ အဲဒါကို ရှေ့နောက်ညီစေရန်အတွက် ပြင်ဆင်ဖြည့်စွက် ညှိနှိုင်းဖော်ပြချက်ကတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံခန့်ခွဲမှု ရန်ပုံငွေမှရငွေ၊ သုံးငွေ ရှင်းလင်းချက်အစီရင်ခံစာကို ဦးစီးဌာန သည် ဝန်ကြီးဌာနသို့လည်းကောင်း၊ ဝန်ကြီးဌာနသည် ကော်မတီသို့လည်းကောင်း စာရင်းစစ်အစီရင် ခံစာနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်လို့ ညှိနှိုင်းပြင်ဆင် ပြဋ္ဌာန်းခဲ့ပါတယ်။

အခန်း (၅) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေဆို တဲ့ အခန်းမှာ ပုဒ်မ ၁၁ တစ်ခု သာပါရှိပါ တယ်။ အခန်း (၅) ပုဒ်မ ၁၁ (က) မှာ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေ တစ်ရပ်ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့ အခြေအနေ တစ်ရပ်ပေါ်ပေါက် နိုင်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည် လို့ ဝန်ကြီး ဌာန အဆိုပြုချက်မှာပါရှိပါတယ်။ အဲ သည်မှာ ထုတ်ပြန် ကြေညာနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမယ်ဆိုတဲ့ဟာမှာ ဘယ်အချိန်၊ ဘယ်အခါ ဆိုတာ မပါတဲ့အတွက်ကြောင့် အရေးပေါ်အ ခြေအနေ ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ဥပဒေကြမ်းကော်မတီတို့က ချက်ချင်း ဆိုတဲ့စကားလုံးကို ဖြည့်စွက်သင့်တယ်ဆိုပြီး တော့ ညှိနှိုင်းရရှိခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ တစ်ရပ်ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့ အခြေအနေ တစ်ရပ်ပေါ်ပေါက်ကြောင်း ထုတ်ပြန် ကြေညာနိုင်ရန် ပြ ည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်း တင်ပြရမည်လို့ ပြ င်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ အခန်း (၅) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အဲဒီမှာလည်း ဝန်ကြီးဌာနနဲ့ မူလ အဆိုပြု ပြဋ္ဌာန်းချက်မှာ ကော်မတီ ဝန်ကြီးဌာနနှင့် ဦးစီး ဌာနတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ လိုအပ်သည် များကို သတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည်လို့ ဖော်ပြ ထားပါတယ်။ သတ်မှတ်ချက်များနှင့် အညီ ဆို တဲ့ စကားရပ်က နည်းဥပဒေမှာသာ ဖော်ပြသင့်တဲ့ စကားရပ်ဖြစ်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနနှင့်

ဥပဒေကြမ်းကော်မတီတို့ ညှိနှိုင်းပြီးတော့ ကော်မတီ ဝန်ကြီးဌာနနှင့် အစိုးရဦးစီးဌာနတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ရမည်လို့ ညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ အခန်း(၆) ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ အခန်း (၆) မှာ ပုဒ်မ ၁၂၊ ၁၃၊ ၁၄ ဆိုပြီးတော့ ပုဒ်မသုံးခုသာ ပါရှိပါတယ်။ အခန်း (၆) ပုဒ်မ ၁၂ မှာ ကြည့်မယ်ဆိုလို့ရှိရင် (စ) မှာထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်း၊ (ဆ)မှာ စွန့် ထုတ်အရည် စံချိန်စံညွှန်းဆိုပြီးတော့ (ဇ)မှာ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်အခြား ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများလို့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက်မှာ ပြဋ္ဌာန်းထားတဲ့အထဲမှာ စွန့်ထုတ်အခိုးအငွေ့နှင့် အရည်သာပါပြီးတော့ စွန့်ထုတ်အစိုင်အခဲမပါတဲ့ အတွက်ကြောင့် ကော်မတီနဲ့ဝန်ကြီးဌာန ညှိနှိုင်းပြီးတော့ အခန်း (၆) ပုဒ်မ ၁၂ (ဇ) မှာ စွန့်ထုတ်အစိုင်အခဲ စံချိန်စံညွှန်းများလို့ ဖြည့်ဆည်းခဲ့ပါတယ်။ နဂို (ဇ) ကို (ဈ) လို့ ပြောင်းရွှေ့ ပြင်ဆင် ခဲ့ရပါတယ်။ အခန်း (၆) ပုဒ်မ ၁၃ မှာ မူလဝန် ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက် မှာ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် သိပ္ပံနှင့်နည်းပညာတိုးတက် မှုများနှင့်အညီသော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း ပတ် ဝန်းကျင်အရည် အသွေး စံချိန်စံညွှန်းများကို အချိန်ကာလအလျှောက်ဖြစ်စေ၊ နေရာဒေသအလိုက်ဖြစ်စေ အများ ပြည်သူအကျိုးငှာ ပြင်ဆင်သတ်မှတ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီ ဖော်ပြချက်ကို ပြန်လည်ပိုမို ရှင်းလင်းစေရန်အတွက် ကော်မတီနဲ့ ဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်း ပြီး တော့ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ အဖွဲ့နှင့်ကော်မတီ၏ သဘောတူညီချက်ဖြင့် သိပ္ပံနှင့်နည်းပညာတိုးတက်မှုများနဲ့အညီ လူဦးရေအရသော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရ သော်လည်းကောင်း ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို အချိန်ကာလနှင့်နေရာ ဒေသအလိုက် အများ ပြည်သူအကျိုးငှာ ပြင်ဆင်သတ်မှတ်နိုင်သည်ဟု ညှိနှိုင်းပြင်ဆင်ခဲ့ကြပါ တယ်။

အခန်း (၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်အောက်မှာ ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈ ပုဒ်မ (၄)ခု ပါရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပုဒ်မ ၁၆ နဲ့ ၁၈ ကတော့ ဝန်ကြီးဌာနရဲ့ မူလ အဆိုပြုချက်အတိုင်းပဲ ကျွန်တော်တို့ကော်မတီရော၊ ဝန်ကြီးဌာနရောလက်ခံပြီးတော့ ပုဒ်မ ၁၅(ဂ)မှာ စွန့်ပစ်ပစ္စည်းများ စွန့်ပစ် ခြင်းအကြောင်းမှာ ဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်မှာ သတ္တုစက်မှု တွင်း ထွက်ကုန်ကြမ်းနှင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းများမှ

ထွက်ပေါ်လာသော စွန့်ပစ် ပစ္စည်းများကို စွန့်ပစ်ခြင်းဟု ဖော်ပြထားပါ တယ်။ အဲဒီအထဲမှာ ထွက်ပေါ်သောအစား ထွက်ပေါ်လာသောလို့ “လာ”တစ်လုံးထည့်လိုက်ပြီးတော့ စက်မှု တွင်း ထွက်ကုန်ကြမ်းနဲ့ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းများမှထွက် ပေါ်လာသော စွန့်ပစ်ပစ္စည်းများဟု ညှိနှိုင်းဖြည့်ဆည်းခဲ့ပါတယ်။ အခန်း (၇) ပုဒ်မ ၁၇ ဝန်ကြီး ဌာနရဲ့ ဖော်ပြချက်မှာ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင် ကို မထိခိုက်စေသောနည်းလမ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ရမည်လို့ ဖော်ပြထားတာတွေ့ရ မှာဖြစ်ပါတယ်။ အဲဒီမှာ ဘာကို စီစဉ်ဆောင်ရွက်ရမည်ကို မရှင်းလင်းတဲ့အတွက်ကြောင့် ပိုပြီး တော့ ရှင်းလင်းရန်အတွက် ကော်မတီနှင့်ဝန်ကြီးဌာနတို့က ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်မည်ဆိုတဲ့ “စွန့်ပစ်နိုင်ရန်”ဆိုတဲ့ စကားရပ်တစ်ခုကို ဖြည့်ဆည်းညှိနှိုင်းအတည် ပြုခဲ့ပါတယ်။

အခန်း (၈) က မြို့ပြဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှု အခန်းဖြစ်ပြီးတော့ အဲဒီ အခန်းမှာ ပုဒ်မ ၁၉ တစ်ခုပဲ ပါရှိပါတယ်။ အဲဒီအခန်း ကိုလည်းပဲ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ဝန်ကြီးဌာနတို့က ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက်အတိုင်းလက်ခံခဲ့ပါတယ်။ အခန်း (၉)၊ သဘာဝ သယံဇာတ အရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းဆိုတဲ့အခန်းမှာ ပုဒ်မ ၂၀၊ ၂၁၊ ၂၂ သုံးခုပါရှိပါတယ်။ ဒီတစ်ခန်းလုံးကိုလည်း ဝန်ကြီးဌာန ရဲ့ မူလအခြေပြု ပြုဌာန်းချက်အတိုင်း လက် ခံအတည်ပြုခဲ့ကြပါတယ်။ အခန်း (၁၀) ကြိုတင်ခွင့်ပြုချက် ဆိုတဲ့ အခန်းမှာ ပုဒ်မ ၂၃၊ ၂၄ ၊ ၂၅၊ ၂၆၊၂၇ ပုဒ်မ ငါးခုပါရှိပြီးတော့ ပုဒ်မ ၂၄၊ ၂၅၊ ၂၆ ကို ဝန်ကြီးဌာနရဲ့ မူလ အဆိုပြုချက်အတိုင်း နှစ်ဦးနှစ်ဖက်သဘောတူ ညှိနှိုင်းဆုံးဖြတ်လက်ခံ ခဲ့ပါတယ်။ အခန်း (၁၀) ပုဒ်မ ၂၃ မှာ ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်ထဲမှာ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက် စေနိုင်သော ကြိုတင်ခွင့်ပြုချက် ရယူရန် လိုအပ်သည့် လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံအလုပ်ရုံ အမျိုးအစားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်လို့ ဖော်ပြထားပါတယ်။ အဲဒီဖော် ပြချက်မှာ ပိုမို ရှင်းလင်းပြီးတော့ မြန်မာသဒ္ဒါအထားအသို မှန်ကန်စေရန်အတွက် ညှိနှိုင်းပြီးတော့ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်သည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သော လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံအလုပ်ရုံအမျိုးအစား များကို ပြည်ထောင်စုအစိုးရ

အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်ဟု ညှိနှိုင်းပြင်ဆင် ခဲ့ကြပါတယ်။ အခန်း (၁၀) ပုဒ်မ ၂၇ အနေနဲ့ ဝန်ကြီးဌာနရဲ့ ဖော်ပြချက်ထဲမှာ ဝန်ကြီးဌာနသ ည် ကြိုတင်ခွင့်ပြုချက်ရရှိသူ ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်တစ် ရပ်ကို လိုက်နာခြင်းမရှိကြောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်လို့ ဖော်ပြထားပါတယ်။ အဲဒီထဲမှာလည်းပဲ မြန်မာသဒ္ဒါအထားအသို ကံပုဒ်၊ ကတ္တားပုဒ်၊ နေရာအထားအသိုပြင်ဆင်ပြီးတော့ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိကြောင်း စိစစ် တွေ့ရှိလျှင် ကြိုတင်ခွင့်ပြုချက်ရရှိသူအား အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချ မှတ်နိုင်သည်ဟု ညှိနှိုင်းဖော်ပြခဲ့ပါတယ်။ အခန်း (၁၁) အာမခံဆိုင်ရာအခန်း အာမခံအခန်းခေါင်းစဉ် အောက်မှာ ပုဒ်မ ၂၈၊ ၂၉ ပါရှိပြီးတော့ ဒီပုဒ်မတွေကို ဝန်ကြီးဌာနရဲ့ မူလအဆိုပြု ချက်ပြင်ဆင်ချက်အတိုင်း လက်ခံသဘောတူခဲ့ကြပါတယ်။ အခန်း(၁၂) တားမြစ်ချက်များဆိုတဲ့ အခန်းမှာ ပုဒ်မ ၃၀၊ ၃၁၊ ၃၂ ပုဒ်မ(၃)ခု ပါရှိပြီးတော့ ပုဒ်မ ၃၀၊ ၃၁ ကို ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက် ပြင်ဆင်ချ က်အတိုင်းကို လက်ခံသဘောတူခဲ့ကြပါတယ်။ ပုဒ်မ ၃၂ မှာ ဝန်ကြီးဌာနရဲ့ဖော်ပြချက်အရ ပြည်သူများပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနက တားမြစ်ထားသော ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းမပြုရဟု ဖော်ပြထားပါတ ယ်။ အဲဒီမှာ မြန်မာသဒ္ဒါအထားအသို မှားယွင်းနေတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ဝန်ကြီးဌာနနဲ့ ကော်မတီညှိနှိုင်းပြီးတော့ မည်သူမျှ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း သို့ မဟုတ် ရောင်းဝယ်ခြင်း မပြုရလို့ညှိနှိုင်းပြင်ဆင် ပြင်ဆင်ခဲ့ပါတယ်။

အခန်း(၁၃) ပြစ်မှုပြစ်ဒဏ်များ အခန်းမှာ ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆ ၊ ပုဒ်မ လေးခုပါရှိပါတယ်။ ပုဒ်မ လေးခုထဲ မှာ ပုဒ်မ ၃၅နှင့် ၃၆ ကတော့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုပြင်ဆင်ချက်ကို ဝန်ကြီးဌာနပုဂ္ဂိုလ်များနဲ့ ကော်မတီအဖွဲ့တွေက သဘောတူလက်ခံ ပြီးတော့ နဂိုပြင်ဆင်ချက်အတိုင်း ပြင်ဆင်ခြင်း မပြုခဲ့ပါဘူး။ ပုဒ်မ ၃၃ မှာ ကြိုတင်ခွင့်ပြုချက် မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ် ဆယ်သိန်းအထိ

ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ မူလဝန်ကြီးဌာန အဆိုပြုပြဋ္ဌာန်းချက်မှာပါရှိပါတယ်။ အဲဒီနေရာမှာ ကော်မတီနဲ့ ဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်းချက်အရ ဒဏ်ငွေကျပ်ငါးသောင်း ပမာဏဟာနည်းတယ်လို့ သဘောထားတဲ့ အတွက်ကြောင့် ကျပ်တစ်သိန်းသို့ တိုးမြှင့်ပြီးတော့ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင် ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ် ဆယ်သိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ညှိနှိုင်းသဘောတူခဲ့ကြပါတယ်။ အခန်း (၁၃) ပုဒ်မ ၃၄ မှာ ဝန်ကြီးဌာနရဲ့ ဖော်ပြချက်ကို ကြည့်မယ်ဆိုရင် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ထော င်ဒဏ်ဆိုတဲ့ စကားလုံးနှစ်ခါ ထပ်ပြီး ပါနေတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ထောင်ဒဏ်ဆိုတဲ့ စကားရပ်တစ်ကြိမ်ကို လျှော့ပြီးတော့ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြင်ဆင်ခဲ့ပါတယ်။ အခန်း (၁၄) အထွေထွေ အခန်းမှာ ပုဒ်မ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄ ဆိုပြီး ပုဒ်မပေါင်း ရှစ်ခု ပါရှိပါတယ်။ အဲဒီ ပုဒ်မ ရှစ်ခုထဲမှာ ကျွန်တော်တို့ ကော်မတီ နဲ့ဝန်ကြီးဌာနက ပုဒ်မ ၃၈ နဲ့ ပုဒ်မ ၄၄ နှစ်ခုကိုတော့ အနည်း ငယ်ပြင်ဆင်ချက် ဖြည့်စွက်ခဲ့ပြီး တော့ ကျန်တဲ့ ပုဒ်မများဖြစ်တဲ့ ပုဒ်မ ၃၇၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃ ကို ဝန်ကြီးဌာနရဲ့ မူလ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း လက်ခံအတည်ပြုခဲ့ပါတယ်။ အခန်း (၁၄) ပုဒ်မ ၃၈ မှာ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့် အကြောင်းဖော်ပြထားတဲ့ ဝန်ကြီးဌာနရဲ့ မူလအဆို ပြု ပြဋ္ဌာန်းချက်မှာ ဝန်ကြီးဌာန သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေပါ ပြဋ္ဌ ာန်းချက် တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်တယ်လို့ မူလအဆိုပြုပြဋ္ဌာန်းချက်ထဲမှာ ဖော်ပြထားပါတယ်။ အဲဒီမှာ ပုဂ္ဂိုလ်တစ်ဦးဦးကို ကင်းလွတ်ခွင့်ပေးဖို့အတွက်က မသင့်တော်တဲ့အတွက်ကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြုတ် ပြီးတော့ နိုင်ငံတော်၏ အကျိုးငှာ ဆိုတဲ့ စကားရပ်ဖြည့်ဆည်းပြီး ဝန်ကြီးဌာနနဲ့ ဥပဒေကြမ်းကော်မတီအဖွဲ့တို့က ညှိနှိုင်း၍ ဝန်ကြီးဌာန သည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား နိုင်ငံတော်

အကျိုးငှာ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက် ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။ အခန်း (၁၄) ပုဒ်မ ၄၄ (က) မှာ မူလ ဝန်ကြီးဌာနအဆိုပြုချက်မှာ အပိုဒ်ခွဲ (က) မှာ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီအထဲမှာ ပြည်ထောင်စုအစိုးရက ဥပဒေနဲ့မကဘဲနဲ့ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကိုလည်း ထုတ်ပြန်နိုင်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နို င် သည်လို့ ဥပဒေကြမ်းကော်မတီနဲ့ ဝန်ကြီးဌာနတို့က ညှိနှိုင်း ဖြည့်စွက်ခဲ့ပါတယ်။ ကော်မတီ၏ သဘောထားမှတ်ချက် ဤဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့် အသေးစိတ်ညှိနှိုင်း ပြင်ဆင်ဖြည့်စွက်၍ ပြန်လည် ရေးသားပြီး ရေးသားပြီးချိန်တွင် အဆိုပါ ဝန်ကြီးဌာနမှ ခေတ္တပြန် လည်ရုပ်သိမ်းပြီး အစိုးရအဖွဲ့မှ တစ်ဆင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းတွင် လွှတ်တော်ဥပဒေကြမ်းကော် မတီက ပြင်ဆင်ဖြည့်စွက်ခဲ့သည့် အတိုင်း ပြင်ဆင် ခဲ့ကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အသစ်ထပ်မံပေးပို့လာသည့် ဥပဒေကြမ်း အပေါ် ထပ်မံ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်မရှိပါ။ သို့ဖြ စ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တော ရေးရာဝန်ကြီးဌာန၏ အသေးစိတ်ညှိနှိုင်း ပြင်ဆင်ဖြည့်စွက်ခဲ့သည့်အတိုင်း ပြန်လည်ပြီး ပေးပို့ လာသော ဤဥပဒေကြမ်းအား အမျိုး သားလွှတ်တော်မှ အတည်ပြုနိုင်ရေး အတွက် ဆက်လက် ဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ဖြင့် ထောက်ခံတင်ပြအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုနေ့လယ် စာသုံးဆောင်ဖို့ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ (၁၂း၄၅)နာရီ အချိန်မှာ ပြန်လည် ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၁း၅၀ နာရီ အချိန်တွင် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည် . စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၅။**

**ဒေါက်တာတင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြီးပြည့်စုံပါစေကြောင်း လေးစားစွာဖြင့် ဆုမွန်ပြု အပ်ပါတယ်။ ကျွန်တော် ယခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ Ministry Of Environmental Conservation and Forestry ကနေပြီးတော့ ချပြထားတဲ့ ပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေ မူကြမ်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ခုန အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်များနဲ့ ပတ်သက်၍ ပြုပြင်သင့်ပြုပြင်ထိုက်တဲ့ အချက်အလ က်များကို စိစစ်ပြီးတော့ ဥပဒေကြမ်းကော်မတီမှ ဆောင်ရွက်ထားခဲ့တဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဥပဒေကြမ်းကော်မတီရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအားလုံးကို ဦးစွာဂုဏ်ပြုပါကြောင်း ပဏာမနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော် ဆက်လက်ပြီးတော့

တင်ပြမယ့် အကြောင်းအရာကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဒုတိယ အကြိမ်ပုံမှန် အစည်းအဝေးရဲ့ ပဥ္စမနေ့ ၂၆ ကြိမ်မြောက် ညိဂုတ်မှာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရှုမောင် ကနေပြီးတော့ ကျွန်တော်တို့ သစ်တော မပြုန်းတီးရေး၊ သဘာဝသယံဇာတများ မပျက်သုဉ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆိုကို ပြည်ထောင်စု အစိုးရအား တိုက်တွန်းခဲ့ပါတယ်။ ဒါကြောင့် ဒီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လေးလေးနက်နက် ကျွန်တော့်အနေနဲ့ စဉ်းစားပြီး ဥပဒေကြမ်း ကော်မတီ Ministry Of Environmental Conservation and Forestry ကချပြတဲ့ ဥပဒေကြမ်းကို လေ့ လာခဲ့ပါတယ်။ ဥပဒေကြမ်း ကော်မတီက တင်ပြတဲ့အတိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ မူကြမ်းမှာ အခန်းအားဖြင့် (၁၄) ခန်း ပါရှိပြီးတော့ ပုဒ်မအားဖြင့် ၄၄ ခုပါရှိပါတယ်။ ဒီအထဲမှာ ကျွန်တော်အဓိက တင်ပြချင် တဲ့အချက်ကတော့ အခန်း (၃) မှာပါတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဖွဲ့စည်းခြင်း ဒါပေမယ်လို့ ပုဒ်မ (၄) ရဲ့ နောက်ပုဒ်မ (၅) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင် ဖွဲ့စည်းနိုင်သည်လို့ အောက်မှာ ညွှန်းပြထားတာတွေ့ရပါတယ်။ ဒီဖွဲ့စည်းထားတဲ့ ကော်မတီဝင် တွေစာရင်းမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ မပါတာကို တွေ့ရ ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချ ထားရေး၊ အလုပ်သမားဝန်ကြီးဌာနကိုလည်း ထည့်သွင်း ပြီးတော့ မဖွဲ့တာကိုတွေ့ရပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနကို မဖွဲ့တဲ့အကြောင်းကို အကြောင်းပြချက်ဖြင့် ကျွန်တော် တင်ပြသွားပါမယ်။ UNFPA ခေါ်တဲ့ United Nation Fund Of Population Association ကနေပြီးတော့ မကြာခဏ မြန်မာ နိုင်ငံကို ကုလသမဂ္ဂရဲ့ စေလွှတ် ချက်အရ လာရောက်ပြီးတော့ ဝန်ကြီးဌာန တွေကို လာရောက်တွေ့ဆုံပါတယ်။ နောက်လူဦးရေနဲ့အတူ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာပါရှိတဲ့ ဂေဟစနစ်ခေါ်တဲ့ Eco System ဟာ ကျွန်တော်တို့ သက်ရှိတွေနဲ့ သက်မဲ့တွေနဲ့ နောက်အပင်တွေနဲ့အစရှိတဲ့ ဒီသယံဇာတတွေနဲ့ဟာ ဒီ Variation Relationship ရှိတယ်ဆိုတာကို ကျွန်တော်လေ့လာတွေ့ရှိခဲ့ရပါတယ်။ နောက် အမေရိကန်နို င်ငံ မှာ ကျင်းပခဲ့တဲ့ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထိန်းသိမ်းရေး Convention မှာလည်းပဲ ဒီလူဦးရေနဲ့ မှီနွယ်ပြီးတော့ ဆက်စပ်မှုဆောင်ရွက်ခဲ့တဲ့အတွက် ဒီ Conservation ကို ပြုတဲ့အခါ မှာတော့ လူဝင်မှုကြီးကြပ်ရေး လူအင် အားပေါ့။ ဖော်ပြသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီ လူဦးရေရဲ့ တိုးနှုန်းနဲ့လျော့နှုန်းပေါ့။ ဒါပေမယ့် တစ်နေ့တစ်ခြား ကမ္ဘာ ကြီးမှာတော့ လူဦးရေ

တိုးပွားနေတယ်။ နောက် မကြာ ခင်ကပဲ ကမ္ဘာ့လူဦးရေနေ့ကျင်းပခဲ့တဲ့ အချိန်မှာ Seven Million At World ဆိုပြီးတော့ ဒီနှစ်ခေါင်းစဉ် တပ်ခဲ့ပါတယ်။ အဲဒီတော့ One Million ဟာ သန်းတစ်ထောင်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ Seven Million ဆိုရင်တော့ လူပေါင်း သန်း ခုနှစ်ထောင် ရှိတယ်။ ဒါကြောင့်မို့လို့ Relationship လုပ်ဖို့လိုတဲ့အတွက် ကျွန်တော်တို့ ဒီလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကို ထည့်ဖွဲ့သင့်ကြောင်း ကျွန်တော် အကြောင်းပြချက် လေးစားစွာပြု လိုပါတယ်။ ဆက်လက်ပြီး နောက်တစ်ဆင့်ကတော့ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနကို ထည့်ဖွဲ့သင့်ကြောင်း ကျွန်တော် ဆက်လက်ပြီး အကြောင်းပြချက် တင်ပြပါမယ်။ ခုန ဥပဒေကြမ်းကော်မတီ ရဲ့ ကိုယ်စား ဒေါက်တာလှသိန်း တင်ပြခဲ့တဲ့ အချက်မှာလည်းပဲ ကျွန်တော်တို့ ပတ်ဝန်းကျင်ဆိုင်ရာ တွေမှာ ဖြစ်ပေါ်လာနိုင်တဲ့ ဘေးအန္တရာယ် တွေရှိပါတယ်။ ဒီ Effect တွေကို ကျော်လွှားနိုင်ဖို့ အတွက်လည်းတစ်ဆက်တစ်စပ်တည်း ဝန်ကြီးဌာနတွေက ပါဝင်မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေ နိုင်စရာရှိပါတယ်။ ဒါကြောင့်မို့လို့ One Of the Meeting မှာပဲ အားလုံးစုံစုံညီညီ မျက်နှာစုံညီ နဲ့ ဝိုင်းစုပြီးတော့ ဒီဟာကို Knowledge ကို Share လုပ်လိုက်လို့ရှိရင် လုပ်ငန်းတွေဟာ အောင်မြင်နိုင်တယ်လို့ တွက်တဲ့အတွက် ဒီဝန်ကြီးဌာနနှစ်ခုကိုတော့ ဖြင့် ဥပဒေကြမ်းကော်မတီမှ မှတ်တမ်းပြုပေးနိုင်ရင်လည်း ပြုပေးပါ။ ဝန်ကြီးဌာနကို တိုက်ရိုက်တင်နိုင်မယ်ဆိုရင်လည်း အောက်ပါခြွင်းချက် လုပ်ထားတဲ့အတွက် ထပ်မံပြီး ကော်မတီ ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဆိုတဲ့အတွက် ဒါဟာ ခက်ခဲမယ့်ကိစ္စမဟုတ်ဘူးဆိုတာ ဥပဒေကြမ်းကော်မတီကို အမျိုးသား လွှတ်တော်ကော်မတီဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် ပန်ကြားအပ်ပါတယ်ခင်ဗျား။ နောက်တစ်ခု ကတော့ အခုဆိုရင် Scientific နယ်မြေပေါ့နော်။ Scientific Time ဖြစ်နေပြီး Knowledge Age ဖြစ်နေပြီး ကမ္ဘာ့အရပ်ရပ်အသီး သီးမှာ ဗဟုသုတရှာဖွေရခြင်းဆိုတာ အင်မတန်မှ တန်ဖိုးထားအလေးထားနေတဲ့အကြောင်းအရာတွေဖြစ်ပါတယ်။ ဒါ့ကြောင့် အခန်း (၃)မှာလည်း အခန်း (၃)ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)မှာ ကျောင်းစာသင် ခန်းများတွင်ပါဝင်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးသင်ခန်းစာများကို သက်ဆို င်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်းဆိုတာ ဥပဒေကြမ်းကို ဝန်ကြီး ဌာနရဲ့ ချပြချက်နှင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလည်း လက်ခံတဲ့အတွက် ကျွန်တော် ဘာမှ စောဒက မတက်လိုပေမယ့် နည်းဥပဒေတွေ ကို ရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့မြန်မာနို ငံငံ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးကလည်း အဓိက သစ်တောကိုပဲ ဦးတည်တဲ့အနေအထားမျိုး ရှိပါတယ်။ သစ်တောကိုပဲ ဦးတည် တဲ့အနေအထားဖြစ်တဲ့အတွက် သစ်တောနဲ့ဆိုင်ရာဆိုင်ရာ Knowledge တွေနောက် ဒီရေတော တည်ထောင် မှုတွေမကြာခင်မှာပဲ ဒီလထဲကပဲထင် တယ်။ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးအုပ်စုနယ်မြေမှာ ဘိုကလေးတစ်ဝိုက်မှာ ဒီရေတောတွေကို သစ်တောဦးစီးဌာနကနေ ဦးဆောင်ပြီးတော့ ထူထောင် သွားတယ်ဆိုတာ တွေ့ရပါတယ်။ အဲဒါကြောင့် ဒီရေတောရဲ့တန်ဘိုး ၊ဒီရေတောရဲ့ အကျိုးကျေးဇူး အဲဒါလေးတွေကိုနည်းဥပဒေမှာ ထည့်သွင်းပေးဖို့ လေးစားစွာ ဥပဒေကြမ်းကော်မတီကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ ယခုဆိုရင်ပျိုးကြပြုကြတဲ့အခါမှာသုံးစွဲနေကြတဲ့ပိုးသတ်ဆေးတွေ Pasteurized ခေါ်တဲ့ ပိုးသတ်ဆေးတွေရဲ့ အန္တရာယ်တွေ၊ အဲဒါဟာလည်း ကျွ နိတော် ၅ တန်း၊ ၆ တန်း၊ ၇ တန်း သားငယ်တွေဆီက မေးကြည့်တဲ့အခါ ဒီဟာတွေဟာ မပါတာ တွေ့ရပါတယ်။ ကျွန်တော်တို့ General Science ကျွန်တော် ၄ တန်းအရွယ်လောက်ကတော့ General Observer ခေါ်တဲ့ General Science ပေါ့၊ အထွေထွေသိပ္ပံမှာ ကျွန်တော်တို့ သင်ခဲ့ရတာတွေရှိပါတယ်။ အဲဒီတော့ ယခုအချိန်မှာ Knowledge လေးတွေကို ကျောင်းသူကျောင်းသားလေးတွေကို (Residue Pasteurized) ပိုးသတ်ဆေးတွေရဲ့ အကြွင်းအကျန် အန္တရာယ်တွေနဲ့ ပတ်သက်လို့ သွန်သင်ပေးဖို့လိုပါတယ် ဆိုတာလေးလည်း ကျွန်တော်အကြံပြုလိုပါတယ်။ နောက်တစ်ခုကတော့ ဒီဥ ပဒေမူကြမ်းကြီးမှာ နည်းဥပဒေတွေက ထွက်လာဦးမှာ ဖြစ်ပါတယ်။ နည်းဥပဒေကို ထုတ်ပြန်မှာ ဖြစ်တယ်။ နောက်တစ်ခုကတော့ ဥပဒေကြမ်းကော်မတီကို ကျွန်တော်အထူးလေးစားသွားတာက အခန်း (၄) ရဲ့ ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)မှာ စွန့်ထုတ် အရည်များ ဆိုတဲ့နေရာမှာ စွန့်ထုတ်အရည်များ ဆိုတာလေး ပါလာပါတယ်။ ဒါလည်းပဲ ကျွ နိတော်ဖတ်ထားတဲ့မှတ်စုအရ စွန့်ထုတ် အစိုင်အခဲများကိုပါ ထပ်ဖြည့်သွားတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ စိစိ စစ်စစ် ဥပဒေမွမ်းမံပြုပေးထား တဲ့အတွက် ကျွန်တော်အထူးပဲဂုဏ်ယူပါကြောင်း ဂုဏ်ပြုပါကြောင်းလေးစားစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်။ ဒါပေမယ့်လို့ ဒီဥပဒေကြမ်းကော် မတီမှာ သူက နည်းဥပဒေတွေ ထွက်အုံးမယ်။ အဲဒီတော့ နည်းဥပဒေတွေထဲမှာ ပါလာရင်တော့ Its No Problem အဲဒီတော့ အဲဒါ ဘာလုပ်ဖို့ သင့်သလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အားနည်းမှုတွေရှိတာက သုတေသန လုပ်ငန်းမှာ Research အဲဒီတော့ အဲဒီပတ်ဝန်းကျင်

ထိန်းသိမ်းရေးကိုတော့ သု တေသနပြုပြီးတော့ တတ်နိုင်တဲ့ အင်အားနဲ့ပေါ့နော် ကမ္ဘာ့နိုင်ငံတွေနဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင်ဖြင့် ဒါ Environment Conservation ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေထဲမှာ ကျွန်တော်တို့ မြန်မာ နိုင်ငံဟာ ထိပ်တန်းရောက်ရှိသွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက်လို့တော့ အလီလီဆိုသလိုပြောပြီးပါပြီ။ ဒီ Global Warming ဖြစ်တာတွေ၊ အဲဒါတွေတော့ ကျွန်တော်မပြောလိုတော့ပါဘူး။ ပြောပြီးတဲ့စကားတွေ ထပ်ပြောရင် ဦးလှဆွေ ကျွန်တော်ကို ကန့်ကွက်နေဦးမယ်။ ဒီ တော့ ကျွန်တော်ထပ်ပြီးတော့ အခု အသစ်အဆန်းလေးတ စ်ခုကို တင်ပြချင်ပါတယ်။ အဲဒါကတော့ ရုပ်ရှင်အကယ်ဒမီမှာ အမေ့ခြေရာလို့ပဲ ကျွန်တော်တို့ သိခဲ့ရတယ်။ ခုတော့ Water Footprint ရေခြေရာ ဆိုပြီးတောင် မှ သူတို့ အနောက်နိုင်ငံတွေမှာ တော်တော်လေး Popular ဖြစ်နေပါတယ်။ ဒီတော့ ရေသည် သဘာဝ ပတ်ဝန်းကျင်မှာ ရေဟာအရေးကြီးလာပါတယ်။ ဟို တစ်ခါ ကျွန်တော်ပြောဘူးခဲ့သလို အာဟာရချို့တဲ့မှုဟာ ကမ္ဘာပေါ် မှာရှိတဲ့ လူသန်းပေါင်း ၈၀၀ဟာ အာ ဟာရချို့တဲ့မှု Nutritional Defence Co ကို ခံစားနေရတယ်။ နောက်သန်းပေါင်း ၁၃၀၀ လောက်ကတော့ သန့်ရှင်းတဲ့ရေ Safe Water Sanitation ကိုမရတဲ့အတွက် ပါမောက္ခဆရာကြီး အမျိုးသားလွှတ်တော် ဒေါက်တာမြဦး လည်း အစဉ်ပြောနေသလိုပဲ ရေသန့်ရှင်းမှုက လိုတယ်ဆိုတဲ့ အတွက် ဒါ သန်းပေါင်း ၁၃၀၀ လောက်ဟာ ရေသန့်ရှင်းမှုကို မရကြပါဘူး။ နောက်တစ်ခါ သန်းပေါင်း ၁၄၀၀ ကျော်လောက် ကတော့ ကောင်းမွန်တဲ့ လေကို ရှူရှိုက် ရတဲ့အနေအထားမျိုး ကင်းမဲ့တယ်ဆိုတာကို ကျွန်တော်တို့ ပြောနေပါတယ်။ ဒါကြောင့်မို့လို့ ရေဟာ အရေးကြီးပါတယ်။ ပင်လယ်ရှိနေတဲ့ က မ္ဘာမြေကြီးကို ဖုံးလွှမ်းထားတာ ၇၀%လောက်ရှိတဲ့ ရေတွေရှိပေ မယ့်လို့ ဒီ Neverland American Association For Advancement Of Science Association ကြီးကလည်း အခု မကြာခင် ကမှ ထုတ်ပြန်ထားပါတယ်။ အဲဒါ ၂၀၁၀ခုနှစ်ဟာ ရေနဲ့ Crisis ဖြစ်ခဲ့ပြီးတော့အခု ၂၁ ရာစု လောက်ဟာ Water Crisis ဖြစ်နိုင်တဲ့ အနေအထားမျိုးရှိတဲ့အတွက် သဘာဝရေသန့်ရှင်း ရေးဟာလိုပါတယ်။ ဒါကြောင့်မို့လို့ ဒါဘာနဲ့ဆက်နွယ်ပြီးတော့ ပြောသလဲလို့ဆိုတော့ ဒီပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ မြန်မာနိုင်ငံအနေနဲ့ သစ်တောသ ယံဇာတကို ဦးတည်ပြီး ထိန်းသိမ်းမယ်။ အဲဒီလို ထိန်းသိမ်းတဲ့အတွက် ဒီကာဗွန်ဒိုင်အောက်ဆိုဒ်တွေကို မိမိတို့စိုက်ပျိုးလိုက်တဲ့ သစ်ပင် တွေကနေ ပြန်စုပ်ယူမယ်။ Water Absorbtion အဖြစ်နှင့်လည်းပဲ ပင်စည်တွေ၊ အရွက်တွေ၊

အမြစ်တွေမှာ သွားရောက်ပြီး စုစည်းမယ်၊ အဲ ဒီလိုစုစည်းလိုက်တယ်ဆိုရင် ခုနကျွန်တော်တို့ ပြောတဲ့ Water Flighting ပေါ့၊ အခု နေပြည်တော်မှာလည်း စိုက်ပျိုးထားတဲ့ အပင် တွေရှိပြီး ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကို အင်မတန် ချီးကျူးစရာကောင်းတယ်လို့ မှတ်ချက်ပြုရမှာ ဖြစ်ပါတယ်။ အလားတူပဲ သစ်တောကြိုးဝိုင်းတွေ ပြန်လ ည်ပြုစုပျိုးထောင်ဖို့ လိုပါတယ်ဆိုတာ တွေ ဒါလေးတွေလည်း မှတ်တမ်းပြုဖို့အတွက် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အခုလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာတော့ ကျွန်တော်ခုနက တင်ပြခဲ့တဲ့ အချက်ကလေး နှစ်ချက်ပေါ့နော်။ ဒါလည်းအကြံပြုချက်တွေနဲ့အတူ ကျွန်တော် အခု ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် သက်ဆိုင်တဲ့ ကဗျာလေးတစ်ပုဒ်ကိုတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လက်ဆောင်ပါးလိုက်ချင်ပါတယ်။ ဒါကတော့ စပါး ရွှေဝါဝင်းပါစေ၊ ပန်းတွေမွှေးပါစေ၊ ငှက်က လေးတွေ မိုးတိမ်ကြားပျံနိုင်ကြစေသား၊ နေရောင်ခြည် လည်းနွေးပါစေ၊ လေပြေအေးပါစေ၊ ချစ်မိတ်ဆွေ ပြည်သူများ ငြိမ်းချမ်းကြစေသား ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတကြီးနှင့်တကွ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေသား ဆုတောင်း မေတ္တာပို့ရင်း ကျွန်တော်ရဲ့ ပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဥပဒေမူကြမ်း ကို ဆွေးနွေးခြင်း နိဂုံးချုပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၁။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)** ။ ။လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနဲ့ အမျိုး သားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့နဲ့ ညှိနှိုင်းချက်အပေါ် အဆိုပြုတင် သွင်းထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေမူကြမ်းတစ်ပိုဒ် ချင်းအပေါ် ဆွေးနွေးခြင်း မပြုဘဲနဲ့ အဲဒီမူကြမ်းအပေါ်မှာ ယေဘု ယျသဘောအားဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန် တော့်ဆွေးနွေးချက်ထဲမှာ အင်္ဂလိပ် လို အနည်းအကျဉ်း ပါတဲ့အတွက် ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးစတီဗင်သာဘိတ် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)**။ ။ကမ္ဘာ့စီးပွားရေးဟာ အလွန်ဖွံ့ဖြိုးတိုးတက် မှုနဲ့အတူ ကမ္ဘာမြေကြီးရဲ့ သဘာဝ သယံဇာတတွေ အလွန်အမင်းထုတ်ယူခြင်း၊ ဖွံ့ဖြိုးတိုးတက်သော စက်မှုလု ပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း စသည့်လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ပျက်စီးမှုများပြီး (၁) လေထုညစ်ညမ်းမှု (Air Pollution )(၂) ရေထုညစ်ညမ်းမှု၊ (Water Pollution ) (၃) မြေထုညစ်ညမ်းမှု(Soil Pollution ) ( ၄) သစ်တောပြုန်းတီးမှု (Deforestation)(၅) ကမ္ဘာမြေကြီးပူလာမှု (Global Warming) (၆) အသံညစ်ညမ်းမှု(Sound Pollution) စသည်ဖြင့် ညစ်ညမ်းမှု ဆိုးကျိုးများဖြစ်ပေါ်လာတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။၎င်းဆိုးကျိုးများ ညစ်ညမ်းမှုထဲမှာ ကဏ္ဍတစ်ခုဖြစ်သောသစ်တောပြုန်းတီးမှုမှု(Deforestation)ကိုပဲ အချိန်သက်ညာသောအားဖြင့် အနည်းငယ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အားလုံးသိရှိတဲ့အတိုင်းပဲ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့အဓိကလိုအပ်ချက်က သစ်တောထိန်းသိမ်းရေးလုပ်ငန်းပဲဖြစ်ပါတယ်။ ပညာရှင်များရဲ့ မှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၈ဝဝဝ လောက်က ကမ္ဘာမြေကြီးဟာ ၅ဝရာခိုင်နှုန်း သစ်တောနဲ့ဖုံးလွှမ်းနေတယ်လို့ ဖတ်ရှုရပါ တယ်။ ယခု ကမ္ဘာမြေကြီးဟာ ရာခိုင်နှုန်း ၃ဝရာခိုင်နှုန်းအောက်ရောက်နေပြီလို့ ကျွန်တော်က သိတဲ့အတွက် အဲဒီအပြင်ကို ကျွန်တော်တို့မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အ ခြေအနေဟာလည်း ၁၉၇၅ ခုနှစ်မှာ ၆ဝ.၈၉ ရာခိုင်နှုန်း၊ ၁၉၉၇ မှာ ၅၇.၉၆ ရာခိုင်နှုန်း၊ ၂ဝဝဝပြည့်နှစ်တွင် ၅၁.၅၄ ရာခိုင်နှုန်း၊ ၂ဝဝ၅ခုနှစ်၌ ၄၉.၂၅ ရာခိုင်နှုန်း၊ ၂ဝ၁ဝခုနှစ်တွင် ၄၆.၉၆ ရာခိုင်နှုန်း အထိ နှစ်စဉ်နဲ့အမျှ လျော့နည်းလာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ၂ဝ၁ဝခုနှစ်တွင် မြန်မာနိုင်ငံရဲ့ မြို့တော် တော်တော်များများမှာ အပူချိန် သစ်တင်ထားတဲ့အထိဖြစ်ပေါ်ခဲ့ပြီး ရေတွင်းရေကန် ချော င်းမြောင်းတွေ တိမ်ကော ခြောက်ခန်းခဲ့လို့ သောက်သုံးရေရှားပါးမှုနဲ့အတူ ကြုံတွေ့ခဲ့ရတာ ကြည့်ခြင်းအားဖြင့် အဓိက သစ်တောပြုန်းတီးမှုကြောင့်ဖြစ်တယ်ဆိုတာက ငြင်းလို့မရတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ကမ္ဘာပေါ်လူသားတွေရဲ့အပြုအမူကြောင့် ရာသီဥတုဖောက်ပြန်မှု တွေကို ဖြစ်ပေါ်စေပြီး မျှော်လင့်မထားတဲ့ ဘေးဆိုး၊ ကပ်ဆိုးတွေကိုအချိန်တိုအတွင်း ကြိမ်ဖန်များစွာ ကြုံတွေ့နေကြတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်တဲ့အချက် ဖြစ်လာပါတယ်။ ပိုပြီးသိလာတဲ့အချက်ကတော့ ဘေးအန္တရာယ် တွေဟာ တစ်ခုချင်းကျရောက်လာတာမဟုတ်ဘဲနဲ့ အတွဲလိုက်၊ အစုလိုက်၊ အပြုံလိုက် ဝင်ရောက်လာတယ်ဆိုတဲ့

အချက်ပါပဲ။ ၂၀၁၁ခုနှစ်အတွင်း ကြည့်မယ်ဆိုရင်လည်း ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံတကာမြို့တော်တော် များများမှာ ရေလွှမ်းမိုးမှု၊ တောမီးလောင်မှု၊ အအေးလွန်ကဲမှု၊ နှင်းမုန်တိုင်း တိုက်ခတ်မှု၊ ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်မှု၊ မြေငလျင်လှုပ်မှုစသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုမှာ အလွန်များပြားလာကြောင်း ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပပြီး သဘာဝဘေးအန္တရာယ် လျှော့ပါးရေးရေးဆွဲရာတွင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံ တက်ရောက်ဆွေးနွေး ကြကြောင်း၊ မြန်မာနိုင်ငံလည်း အပါအဝင် ဖြစ်ကြောင်း သိရှိရပါတယ်။ ထို သို့ မြန်မာနိုင်ငံဟာလည်း သီးခြားရှိမနေဘဲ ကမ္ဘာ့အဖွဲ့အစည်း၊ ကမ္ဘာ့ကုလသမဂ္ဂမှ ကျင်းပသော သဲကန္တာရဖြစ် ထွန်းမှု တိုက်ဖျက်ရေး၊ Convention တွင်ပါဝင်၍ လက်မှတ်ယူထားခဲ့ပြီး ခြောက်သွေ့သစ်တော Dry Forest ၁၀ ရာခိုင်နှုန်းခန့်ရှိရာ မြန်မာနိုင်ငံအလယ် ပိုင်း စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း ၊ မကွေးတိုင်း ဒေသကြီးတို့၌ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေရခြင်းကြောင့်လည်း အခြေအနေကောင်းမွန်လျက်ရှိကြောင်းကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်တွင်နေထိုင်ကြသော ကျွန်တော်တို့ ချင်းပြည်နယ် အပါအဝင် တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာဓလေ့ ထုံးထမ်းအစဉ်အလာအရ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးဆဲဖြစ်တဲ့အတွက် သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပျ က်စီးမှု စိမ့်စမ်းရေခန်းခြောက်လာမှု ဖြစ်ပေါ်လာပြီး မြို့နယ်ကျေးရွာ ပြည်သူလူထု သောက်သုံးရေ မလုံလောက်မှု၊ သီးနှံထွက်ရှိနှု န်း လျော့နည်းမှုမှာ နှစ်စဉ်နဲ့ အမျှ ပိုမိုဆိုးဝါးလာကြောင်း တွေ့ရှိရပါတယ်။ ထို့ပြင် လောင်စာဆီ အတွက် ထင်း၊ မီးသွေးများ သုံးစွဲမှုမှာ လစဉ် တန်ချိန် ထောင်သောင်းများစွာ သုံးစွဲနေရခြင်းကြောင့် သစ်တောပြုန်းတီးမှုဟာ အလွန်များပြားလာကြောင်း တွေ့ရှိရပါတယ်။ သစ်ထုတ်ရေး Company တော်တော်များများမှာလည်း တရားဝင် သတ်မှတ်ပေးထားသော သစ်တန်ချိန်များထက် အဆမတန်၊ အပင်ကြီး၊ငယ် မရွေးခုတ်ထွင်ရှင်းလင်းမှုကြောင့် တောင်ကတုံး အဆင့်တွေဖြစ်လာခြင်းကို တွေ့ရမှာဖြစ်ပါတယ်။ သစ်တောဦးစီးဌာနမှ ပြန်လည်စိုက်ပျိုးမှု ရှိသော်လည်းပဲ သုံးစွဲမှု ပမာဏနဲ့ မျှတမှုမရှိကြောင်း၊ စိုက်ပျိုးထားသော အပင်ကိုလည်းရှင်သန် အောင် ပြုစုစောင့်ရှောက်ရန် အားနည်းနေကြောင်း၊ ကျေးရွာအဆင့်ထင်းစိုက်ခင်း စိုက်ပျိုး ရန် အစိုးရမှ စီမံမှုအပေါ် နှစ်စဉ်အစားထိုးစိုက်ပျိုးဧက တိုးတက်မှုစာရင်းအရ ရှိမှာဖြစ်သော်လည်း အပင် ရှင်သန်တိုးတက်မှု၊ ကျေးရွာအတွက် ထင်းရရှိရန် မျှော်မှန်းချက်က အားရစရာမရှိ

ကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ထင်း၊ မီးသွေးအစား အခြားလောင်စာဆီ အစားထိုး အသုံးပြုနိုင်ရေးကိုပါ အစိုးရမှ အလေးထားဆောင်ရွက်ရန် လို အပ်တဲ့အပြင် အခြား ပတ်ဝန်းကျင်ပျက်စီး မှုအပေါ် NGO ၊ INGO များနှင့် ပူးပေါင်းပြီး ငွေအရင်းအနှီးများ၊ နောင်လာနောက်သားများအတွက် အကျိုးရှိရှိ အလေ့အလွင့်မရှိအောင် နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်တကွ စီမံခန့်ခွဲဆောင်ရွက်ပေးရန် အထူးလိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောများ ထိန်းသိမ်းကာကွယ်တဲ့အတွက် အဖိုးတန်သစ်၊ ထင်း၊ ဝါးနှင့် သစ်မဟုတ်သော သစ်တောထွ က်ပစ္စည်းများ ပိုပြီးကြွယ်ဝလာရုံသာမက ဇီဝမျိုးစုံ၊ မျိုးကွဲတွေ တိုးပွားလာခြင်း၊ ရေကောင်းရေသန့် တွေ ပေါများလာခြင်း၊ ရာသီဥတုမျှတ ကောင်းမွန်လာခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြ င်း၊ မျိုးသုဉ်း ပျောက်ကွယ်လျက်ရှိသော တော တိရစ္ဆာန်၊ ငါးမျိုးစုံများ ပြန်လည်တိုးပွားလာခြင်းစသည့် အကျိုးကျေးဇူးများ ဖြစ် ပေါ်လာမှာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒါကြောင့် နိဂုံးချုပ်အားဖြင့် ကျွ န်တော် တင်ပြရမယ်ဆိုရင် ယနေ့ ကျွန်တော်တို့ ကမ္ဘာကြီး၊ ကျွန်တော်တို့မြန်မာပြည်ကြီး ပတ်ဝန်းကျင်ပျက်စီးမှုကြောင့် လူသားများ အတွက် ဆိုးကျိုးဖြစ်စေလျက်ရှိသော လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု၊ ကမ္ဘာကြီးပူလာမှု၊ အသံညစ်ညမ်းမှုစသည့် အရာအားလုံးဟာ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ ပိုမိုတိုးတက်လာပြီး လူ သားများရဲ့ အကျိုးဖြစ်ထွန်းလာမည်ကို ဖြစ်သောကြောင့် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနနဲ့ အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီတို့ သဘောတူညီညှိနှိုင်းပြင်ဆင်ထားသော အချက်များအပေါ်မှာ အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ တိုတိုတုတ်တုတ်ပါပဲ။ ကျွန်တော့်ရှေ့မှာ

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီးတော့ တော်တော်လေး ပြည့်ပြည့်စုံစုံလေး တွေ လည်းပဲဆွေးနွေးသွားကြတာ ရှိပါတယ်။ ကျွန်တော် တော့ ဒီဥပဒေကြမ်းထဲမှာပါတဲ့ တ ချို့ ကိစ္စရပ်လေးတွေကိုပဲ အန ည်းအကျဉ်း ဆွေးနွေးမှာပါ။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ တစ်ခုတော့ တင်ပြပါရစေ။ ဒီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး တ ချို့တွေကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီဥပဒေလဲမရှိဘူး၊ ဒါတွေလည်း မဆောင်ရွက်ဘူးလို့ဆိုတဲ့ ဟာ ဟိုးအရင့်အရင်က တချို့ဒီမှာ ဘာသာပြန်ထား တဲ့ ရေနဲ့ပတ်သက်တဲ့ ငါးနဲ့ပတ်သက်တဲ့ နောက်ဆုံး ဗေဒါနဲ့ ပတ်သက်တဲ့ ဥပဒေ တွေ ပါရှိခဲ့ပါတယ်။ ဒီပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် ဥပဒေတွေဟာ အများကြီးရှိခဲ့ပါတယ်။ တစ်ခုပါပဲ၊ ကျွန်တော်တို့ အဲဒီ ဥပဒေတွေကို Enforcement ပေါ့။ အင်္ဂလိပ်လို့ သုံးနှုန်းခွင့်ပြုပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာမြင့်ကြည်(ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ ဒီ ဥပဒေကို လိုက်နာဆောင်ရွက်ဖို့ အားနည်းတဲ့ကိစ္စဟာ အဓိကဖြစ်ပါတယ်။ ဘယ်ဥပဒေပဲထုတ်ထုတ်၊ ဒါကို ထိထိရောက်ရောက်နဲ့ ကျွန်တော်တို့က ဆောင်ရွက်နိုင်မယ်ဆိုရင် အင်မတန်ကောင်းပါတယ်။ ဒီဥပဒေတွေဟာ ရှိပြီးသားပါ။ အခု ကျွန် တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး နောက်ဘက်မှာ ရှိပါတယ်။ အဆောက်အဦတွေရော၊ တချို့တွေက မြန် မာစကားလုံးတွေဟာ ဘာသာပြန်ထားတဲ့ သဘောမျိုးတွေ့ရပါတယ်။ ရှိပြီးသား ဥပဒေဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ ၁၉၉၀ ခုနှစ်မှာ National Committee For Environmental Affairs ဆိုပြီးတော့ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့်ပတ်သက်တဲ့ (Foreign Ministry) နိုင်ငံခြားရေးဝန်ကြီးဌာန အောက်မှာ ရှိခဲ့ပါတယ်။ အဲဒါက ခုဆိုရင် ကျွန်တော်တို့ ညွှန်ကြားရေးမှူးဖြစ်ပါတယ်။ သံ အမတ်ကြီး ဦးကျော်တင့်ဆွေတို့ ဒီဟာလုပ်ပါတယ်။ နောက်တစ်ခါ ၁၉၉၄ ခုနှစ်လောက်မှာ National Policy ဆိုတာတစ်ခါ၊ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီးတော့ National Policy တစ်ခု ပေါ်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ United Nations နဲ့ General Assembly မှာ Myanmar Agenda 21 ဆိုပြီးတော့ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ တင်ပြပြီး International မှာလည်းပဲ မြန်မာနိုင်ငံအနေနဲ့ လက်မှတ်ထိုးထားတာရှိပါတယ်။ တချို့တွေကျတော့ ဒါတွေက မရှိဘူး၊ မလုပ်ဆောင်ခဲ့ဘူး၊ ဒီသဘောလေးတွေ အမှတ်တမဲ့ဖြစ်မှာစိုးလို့ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ဆီမှာလည်းပဲ ဥပဒေအနေနဲ့ အများကြီး ဆောင်ရွက် ခဲ့တာရှိပါ

တယ်။ သို့သော် Law Enforcement ကတော့ လိုပါတယ်ခင်ဗျ။ ကျွန်တော်အနေနဲ့ ဒီဥပဒေကြမ်းထဲကနေပြီး အတိုချုပ် ဆွေးနွေးရမယ်ဆိုရင် ဒီမှာ အဖွဲ့ဖွဲ့ထားတဲ့ ဥပဒေအခန်း (၃) ဥပဒေ၄(က) ဒီအဖွဲ့ဖွဲ့ထားတဲ့အထဲမှာ ကျွန်တော်မေ့သွားလို့ပဲလား၊ ဒါမှမဟုတ် မလိုအပ်လို့ဘဲ ချန်ထားသလားတော့ မသိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မပါဝင်ဘူးဆိုတာတွေ့ရပါတယ်။ ကျွန်တော်တို့ အခုနောက်ပိုင်းမှာ တိုင်းတာမယ့် Air Pollution လေထုညစ်ညမ်းမှုတွေ၊ ရေထုညစ်ညမ်းမှုတွေ တ ချို့ကိစ္စရပ်တွေဟာ အဲဒီမှာ အရင်တုန်း ကလည်း တိုင်းတာတာတွေ့ရှိပါ တယ်ခင်ဗျား။ အဲဒီမှာကိုပဲ ကျွန်တော်တို့ Standardlization စံချိန်စံညွှန်းဌာန ဆိုတာလည်းရှိပါတယ်။ ဟိုတုန်းက ဒီရန်ကုန်မြို့ရဲ့ မြို့လယ် ခေါင်ပေ့ါလေ၊ ဆူးလေဘုရားလမ်းတစ်ဝိုက်မှာ လေထုညစ်ညမ်းမှုဘယ်လောက်ရှိသလဲ၊ နောက် ရေကိုလည်း ကျွန်တော်တို့က အစဉ်အဆက်မှာ တိုင်းထွာတာတွေ ရှိပါတယ်။ ဒါကျွန်တော် သိခဲ့တဲ့ ဟာ ပြန်ပြီး တော့ ဒီမှာ တင်ပြဖောက်သည်ချခြင်းဖြစ်ပါတယ်။ ဒါတွေတိုင်းသင့်ပါတယ်။ မိုးရေဆို လည်း ကျွန်တော်တို့က တောက်လျှော က် ဟိုအရင်ကတည်းက ဒါသိပ္ပံ နည်းရယ် မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာပဲ တိုင်းပါတယ်။ မိုးရေကိုလည်း စဉ်ဆ က်မပြတ်ခံပြီး မိုးရေရဲ့ သန့်ရှင်းမှု စသည်အားဖြင့် ဒီရေထုရဲ့ သန့်ရှင်းမှုစသည်အားဖြင့် ဒီဟာတွေ တိုင်း တာပါတယ်။ Standardlization ဆိုတာလည်း ရှိပါတယ်။ ဒီ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာန အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီထဲမှာ မတွေ့ရှိရပါဘူး။ အဲဒီတော့ ကျွန်တော့အနေ နဲ့ လိုအပ်မယ်ဆိုလို့ရှိရင် ထည့်ပေးပါဆိုတာ ဒီမှာ ဥပဒေကြမ်းကော်မတီကို တင်ပြပြီးတော့ ဆွေးနွေးအပ်ပါတယ်။ ဥက္ကဋ္ဌကြီး မှတစ်ဆင့် နောက်တစ်ခုကတော့ အဲဒီအခန်းကပဲ ပုဒ်မ ၆ ကတော့ ဒါ ဒေါက်တာတင်ရွှေလည်း ကျောင်းသင်ခန်းစာမှာဆွေးနွေးသွားပြီးပါပြီ။ ဒီဟာကတော့ ကျွန်တော့်အနေနဲ့ အခန်း (၄)က ပုဒ်မ ၉(စ)မှာပါတဲ့ ကျောင်း များတွင် သင်ကြားနိုင်ရေးဆိုတဲ့ နေရာမှာ ကျွန်တော်ကတော့ တက္ကသိုလ်နှင့် တက္ကသိုလ်ကျောင်းများနှင့် ကျောင်းဆိုတော့ ကျွန်တော်တို့က ဥပဒေတစ်ခုပြုတဲ့အခါမှာ ပဋ္ဌမတန်းကစ တယ်ဆိုတော့ အခြေခံက စသလိုလို၊ တချို့ကျတော့လည်း အခြေခံမဟုတ်ဘူး။ ၅ တန်းကပဲ စသလို လို ဒီလိုဝိဝါဒတွေဖြစ်တဲ့ သဘောမျိုးရှိခဲ့မယ်ဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာတစ်ရပ်ကို တက္ကသိုလ်နှင့် အခြေခံ ကျောင်းများတွင်ပဲ ဖြစ်ဖြစ် သင်ကြားနိုင်ရေးဆိုတာ အဲဒီဟာမှာ တက္ကသိုလ်ဆိုတာ ကျွန်တော် ထည့်ပေး စေလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပတ်ဝန်းကျ င် ထိန်းသိမ်းရေးကိစ္စဟာ

စက်မှုတက္ကသိုလ်မှာလည်း ဒီပလိုမာသင်တန်းတစ်ခု အရင်တုန်းကလည်း ဖွင့်ပေးခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ အဲဒီတော့ တက္ကသိုလ်မှာလည်း ဒီပညာရပ် တစ်ခုဟာ သင်ကြားဖို့၊ လေ့လာဖို့ လိုအပ်နေပါပြီ။ ဒါကြောင့်မို့လို့ ဒီအထဲမှာ ဒီဟာလေးကို ကျွန်တော်တို့ထည့်ပေးထားလို့ရှိရင် ပိုပြီးသင့်တော်မယ် ထင်တဲ့အနေနဲ့ ကျွ န်တော်တို့ တက္ကသိုလ် ဆိုတဲ့ စကားလုံးလေးများ ထည့်လို့ရမယ်ဆိုရင်တော့ ထည့်သွင်းပြီး ဒီအထဲမှာ ရေးဆွဲမယ်ဆိုလို့ ရှိရင် ပိုပြီးတော့ သင့်တော်မယ်ဆိုတာ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ နေ့ တစ်နေ့တည်းမှာ ဒီဥပဒေကြမ်းနှစ် ခု ဆွေးနွေးဖို့ မ ပါဘူးထင်လို့ တင်ပြလိုက်တဲ့အတွက် ကြောင့် ကျွန်တော်တစ်နေ့တည်း နှစ်ခါထ ရတာကို အများ ကြီး အားနာပါတယ်။ ထို့အတူပဲ ဥပဒေ ကြမ်း ကော်မတီက ပြည့်ပြည့်စုံစုံ လေ့လာသုံးသပ်ပြီးကာမှ ကျွန်တော်တို့ရဲ့ အ မြင်နဲ့ ထပ်မံဖြည့် စွက်ဆွေးနွေးရတာကိုလည်း အလုပ်ရှုပ်သွားမယ်ဆိုရင်တော့ အားနာပါကြောင်း ရှေးဦးစွာ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးတဲ့အခါမှာ တ ချို့ကိစ္စလေးတွေ ရှင်းသွားအောင် အင်္ဂလိပ်စကားသုံးခွင့်ပြုပါရန် ကြိုတင်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ကျွန်တော် ပထမဆုံး တင်ပြချင်တဲ့ အချက်က အခန်း (၁) ရဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ဖြစ်ပါတယ်။ ဒါကတော့ သိပ်ပြီးအရေးမကြီးဘူးထင်ပေမယ့် ထည့်သင့်တာလေးမြင်လို့ ဖြစ်ပါတယ်။ ပတ်ဝန်းကျင် အရည်အသွေးဆိုသည်မှာ သဘာဝနှင့် လူ သားများရေရှည်တည့်တံ့ရေးအကျိုးငှာ တိရ စ္ဆာန်၊ အပင်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များအပြင် လူတို့ဖန်တီးပြုလုပ်ထားသော ပစ္စည်းများ ပါဝင်သည့် နောက်ကနေပြီး ကျွန်တော်က လူ့ပယောဂကြောင့် သက်ရောက်မှု မရှိသော

သက်ရောက်မှုဆိုတာ Inpect ကို ကျွန်တော်တ င်ပြခြင်းဖြစ်ပါတယ်။ အဲဒီစာသားကို ကျွန်တော် ဖြည့်ရန် အကြံပြု ပါတယ်။ လူ့ပယောဂနဲ့သက်ရောက်မှု မရှိသော သဘာဝ၏ ဟန်ချက်ညီမျှမှု ဆိုတာကို တင်ပြချင်ပါတယ်။ လူ့ ပယောဂကြောင့် သက်ရောက်မှု တစ်ခုခုရှိပြီး ရင်တော့ ဒါအရည်အသွေးကျဆင်းမှာ ဖြစ်ပါတယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်။ အလားတူ ပုဒ်မ ၂ ရဲ့ ပုဒ်မခွဲ(င)မှာ ညစ်ညမ်းမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီမှာ နောက်ဆုံးပို ဒ်မှာ ရုပ်ပိုင်း ဆိုင်ရာ၊ အပူဓာ တ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့ မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပြောင်းလဲစေမှု တစ်ရပ်ရပ်ကို ဆို လိုသည်ဆိုတဲ့ နေရာမှာ ပြောင်းလဲသွားမှ မဟုတ်ပါဘူး။ သက်ရောက်မှု တစ်ခုခုရှိရင်လည်း ဒါညစ်ညမ်းမှုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုက် ရိုက်ဖြစ်စေ၊ သွယ်ဝိုက် ၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှု တစ်ရပ်ရပ်ကို ဆိုလိုသည်ဟု သက်ရောက်စေမှုကို ထည့်ပေးဖို့ ကျွန်တော် အကြံပြုလိုပါတယ်။ နောက်(စ)မှာလည်း ဒီလိုပါပဲခင်ဗျား။ အသံညစ်ညမ်းမှုနဲ့ ပတ်သက်ပြီးတော့ စိတ်အနှောင့်အယှက်ကို ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုကို ဖြစ်စေသော၊ အကြားအာရုံ ဆုံးရှုံးမှုကိုဖြစ်စေသော သို့မဟုတ် အခြားအသံခံစားမှုကို အနှောင် ့အယှက်ဖြစ်စေသောလို့ ပါပါတယ်။ အဲဒီမှာ လူတစ်ဦးနဲ့ တစ်ဦးနဲ့က စိတ်အနှောင့်အယှက်ဖြစ်တာ မတူပါဘူး။ ဥပမာ ကျွန်တော်တို့ ဒီ Rap Music တွေ ဘာတွေကို Amplifier အကြီးကြီးတွေနဲ့ ချဲ့တာကို ကျွန်တော်တို့ နား ငြီးပေမယ့် ကလေးတွေက သိပ်ပျော် နေတာ ဖြစ်ပါတယ်။ ဒါအသံနဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ထားတာက လူရဲ့ ခံနိုင်ရည်ကို Desible တို့ Frequency တို့နဲ့ သတ်မှတ်တာဖြစ်တဲ့အတွက်ကြောင့် ဒီပုဒ်မရဲ့ ၁၂(င)မှာလည်း ပါထားပါ တယ်။ စံချိန်စံညွှန်း အသံတုန်နှုန်းရဲ့ စံဆိုတာပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်ထည့်ချင်တာကတော့ အသံအခြားအသံ ခံစားမှုကို အနှောင့်အယှက် ဖြစ်စေသော သတ်မှတ်စံညွှန်းဘောင်ကျော်လွန်သောဆိုတဲ့စာပိုဒ်ကို ထည့်လိုက်ရင်တော့ ဒါဟာ အသံနဲ့ ပတ်သက်လို့ ဘယ်ဟာကို ညစ်ညမ်းတယ်ဆိုပြီးတော့မှ ပေါ်လွင်ပါတယ်။ နိုင်ငံတကာ အဲဒီ Desible တို့ Frequency တို့နဲ့ပဲ အသံကို တိုင်းတာတာတွေပါတယ်။ နောက် (ဆ)မှာ ညစ်ညမ်း ပစ္စည်းဆိုသည်မှာ ဆိုပြီးတော့ အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်၊ အရည်အသွေး ပြောင်းလဲစေသည့် သို့မဟုတ် ကျန်းမာရေးအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် ဖြစ်စေနိုင်သည့် ဆိုပြီး အစိုင်အခဲ၊ အရည်လို့လာပါတယ် ခင်ဗျား။ အဲဒီတော့ ကျန်း မာရေးကို ထိခိုက်မှ ဘေးအန္တရာယ်ဖြစ်မှာ မဟုတ်ဘဲနဲ့ ညစ်ညမ်းမှုကို ဖြစ်စေရင်လည်း ဒါ ညစ်ညမ်းပစ္စည်းဖြစ်ပါတယ်။

အဲဒီနေရာမှာ ကျန်းမာရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် ဖြစ်စေနိုင်သည့် သို့မဟုတ် ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့် ဆိုတဲ့ဟာလေးဖြည့်ပြီးတော့ အစိုင် အခဲ၊ အရည် သို့မဟုတ် အခိုးအငွေ့တင်မကပါဘူးစသော စွန့်ပစ်ပစ္စည်းနှင့်ဘေးထွက်ပစ္စည်းတို့ကို ဆိုလိုသည် ဆိုပြီးတော့ စသော စွန့်ပစ်ပစ္စည်းနှင့် ဘေးထွက်ပစ္စည်း ထည့်လိုက်လို့ရှိရင် ပိုပြီးပြည့်စုံမယ် လို့ ကျွန်တော့် အနေနဲ့ထင်မြင်ပါတယ်။ ဒါကို အကြံပြုလိုခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ (ဈ)မှာ ဖြစ်ပါတယ်။ (ဈ)မှာကျတော့ ဘေးအန္တရာယ်ရှိပစ္စည်းဆိုတာ Hazardous and Material ပေါ့။ အဲဒီမှာ သူနောက်ပိုင်းမှာ ရောဂါဖြစ်ပွားစေတတ်သောပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ မျိုးရိုးဗီဇကို ပြောင်းလဲစေတတ်သောပစ္စည်း၊ စားလောင်စေတတ်သောပစ္စည်း၊ ယားယံရောင်ရမ်းစေတတ်သော ပစ္စည်းလို့ ပါပါတယ်။ အဲဒီတော့ ဒီမှာ လူကိုထိခိုက်တာ၊ သတ္တဝါ ကို ထိခိုက်တာ၊ စောစောက ပြောတဲ့မျိုးရိုးဗီဇ ပြောင်းတာအပြင် တိုက်ရိုက်ထိခိုက်တာ စားလောင် စေတာပေါ့။ Caustic ပေါ့၊ ယားယံတာ Aller gication နဲ့ ရောင်ရမ်းတာ Inflammation ဆိုတာတွေ့ရတယ်။ အဲဒီအပါအဝင်သူက ကျန်းမာရေးထိခိုက်တာ အကုန်ပါပါတယ်။ ယားယံတာ၊ ရောင်ရမ်းတာ၊ စားလောင်တာ မဟုတ်ဘဲနဲ့ အငွေ့ကြောင့် အသက်ရှုကြပ်သွားတာတွေ ရှိနိုင်ပါ တယ်။ နောက်ပြီးတော့ မူးဝေအော့အန်နိုင်တာတွေ ရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ယားယံရောင်ရမ်းစေခြင်း အပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောလို့ ဖြည့်လိုက်လို့ရှိ ရင် ပြည့်စုံသွားနိုင်တယ်လို့ ထင်ပါတယ်။ ဒီနေရာမှာ စားလောင်စေတတ်သောပစ္စည်း၊ ယားယံ ရောင်ရမ်းစေခြင်းအပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောဆိုတဲ့ ဝေါဟာရကို ထည့်လိုက်ရင် ပြည့်စုံမယ်လို့ထင်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်(ည)မှာလည်းပဲ ကျန်းမာရေးအန္တရာယ် ကင်းရှင်းရေးသို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်စေသည့်ဆိုတဲ့ အခါကျတော့ ဆိုလိုတာက အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်စေ သည့် စွန့်ပစ် ပစ္စည်းလို့ စကားဆက်စပ်လိုက်ရင် စွန့် ပစ်ပစ္စည်းက ကျန်းမာရေး အန္တရာယ် ကင်းရှင်းတာနဲ့ အကျိုးဖြစ်ထွန်းရေးကို အကျိုးပြုသလို ဖြစ်နေတယ်။ အဲဒီတော့ ဝေါဟာရသည် မြန်မာစာအသုံးအနှုန်းအရ အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်စေနိုင်ရန်ဆိုတာ “စေသည့်” ကို “နိုင်ရန်” နဲ့ပြင်လိုက်မယ်ဆိုရင်တော့ ဒါအဓိပ္ပာ ယ် ဆက်စပ်မှုလေးတော့ သင့်မယ်လို ကျွန်တော် မြင်ပါကြောင်း တင်ပြအပ်ပါတယ်။အလားတူ(တ)မှာလဲ အလားတူပါပဲ (တ)မှာတော့ နောက်ဆုံးပိုင်း မှာ ချက်ချင်းအရေးယူ ဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်း

ရေးနှင့်ကျန်းမာရေးကိုသော်လည်းကောင်း၊ ဂေဟာစနစ်ကို သော်လည်းကောင်းလို့ ပါပါတယ်။ ဂေဟာစနစ်တင်မကပါဘူး။ Ecology တင်မကပါဘူး။ ပတ်ဝန်းကျင်ပါတဲ့ အတွက်ကြောင့် ကျန်းမာရေးကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ဂေဟာစနစ်ကိုသော်လည်းကောင်း ဆိုတာ ပတ်ဝန်းကျင်နှင့်ကို ဖြည့်ရင်တော့ပိုမို ပြည့်စုံမယ်လို့ ယုံကြည်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ နောက် ကျွန်တော်တို့ (ဃ) အခန်း(၂) ရဲ့ ပုဒ်မ ၃ တစ်ခုတည်းရှိပါတယ်။ (ဃ)မှာ ပျောက်ကွယ်ဆုတ်ယုတ်နေသော ဆိုတော့ ပျောက်ကွယ်တာက Extinction ဖြစ်ပြီးတော့ ဆုတ်ယုတ်တာက Decline ဖြစ်ပါတယ်။ အရင်ဆုတ်ယုတ်ပြီးမှနောက် ပျောက်ကွယ်တာ ဖြစ်ပါတယ်။ ပျောက်ကွယ်ပြီးရင်တော့ ပြန်မရတော့ပါဘူး။ ဒါကြောင့် ကျွန်တော်အဲဒါကို ပျောက်ကွယ်ဆုတ်ယုတ် ဆိုတာတော့ အသုံးအနှုန်းမှားနိုင်တဲ့ အတွက်ကြောင့် ဆုတ်ယုတ် ပျောက်ကွယ်စ ဖြစ်နေသောထည့်တာ ပိုကောင်းနိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ On the bust of Extinction ဆိုတဲ့ သဘောနဲ့ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဆိုတာထည့်လိုက်ရင် ပိုပြီး အဆင်ပြေမယ်လို့ ထင်ပါတယ်။ စောစောကလည်း ကိုယ်စားလှယ်တော်ကြီးနှစ်ဦး ဆွေးနွေးသွားပါတယ်။ ဆရာကြီးဒေါက်တာတင်ရွှေနဲ့ ဆရာကြီး ဒေါက်တာမြင့်ကြည်တို့ ဒါတွေကို ဆွေးနွေးသွားပါတယ်။

ဥပမာ အခန်း (၃) ရဲ့ ပုဒ်မ ၄(က) ကော်မတီဖွဲ့စည်းခြင်းမှာ စောစောတုန်းက လူဝင်မှုကြီးကြပ်ရေးဌာနနဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ထည့်သင့်တယ်လို့ ပြောသွားတာရှိသလို ဒေါက်တာမြင့်ကြည်က သိပ္ပံနှင့်နည်းပညာ ထည့်သင့်တယ်လို့ ပြောသွားပါတယ်။ ကျွန်တော်နဲ့ တစ်ထပ်တည်း ဖြစ်နေပါတယ်။ ကျွန်တော်က တော့ ပုဒ်မနဲ့ဘဲ ညွှန်းပါ့မယ်။ ပုဒ်မ ၂၊ (င)၊ (စ)၊ (ဈ) မှာပါတဲ့ သတ်မှတ်ချက်တွေ၊ ပြဋ္ဌာန်းချက်တွေ အားလုံးဟာ သိပ္ပံနည်းပညာနဲ့ပဲ ဆိုင်ပါတယ်။ စံချိန်စံညွှန်းတွေ၊ နည်းပညာပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ အလားတူ ပုဒ်မ ၁၃ ကတော့ ပိုရှင်းပါတယ်။ သိပ္ပံနှင့် နည်းပညာ ဆိုင်ရာ ဆိုတာတွေပါတဲ့ အတွက်ကြောင့် သိပ္ပံနှင့် နည်း ပညာ ဝန်ကြီးဌာနက မဖြစ်မနေ ဒုတိယ ဝန်ကြီးကို ကော်မတီ အနေနဲ့ ထည့်ထားရင် ပြည့်စုံမယ်လို့ ထင်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ပုဒ်မ ၃(စ)အရ ပြည်သူကို အသိပေးဖို့ ပြန်ကြားရေး လုပ်ငန်းပေါ့ Information လုပ်တဲ့အခါမှာဆိုရင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးဟာ မဖြ စ်မနေပါဖို့ သင့်ပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီးဌာနကို ကော်မတီမှာ ဖြည့်စွက်သင့်တယ်လို့ ကျွန်တော်

မြင်ပါတယ်ခင်ဗျား။ နောက် ပုဒ်မ ၅(ခ) မှာကျတော့ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများလို့ ပါတဲ့အတွက်ကြောင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ပါဖို့သင့်ကြောင်းလို့ ကျွန်တော် မြင်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း တစ်ယောက်ထပ်တိုးနိုင်ပါတယ်။ နောက်ပုဒ်မ ၈ တို့၊ ပုဒ်မ ၂၁ တို့မှာ အမျိုးသားအမွေအနှစ်တွေ၊ ယဥ်ကျေးမှုဆိုင်ရာနယ်မြေတွေ ဒါတွေပါလာတဲ့အတွက်ကြော င့် ယဥ်ကျေးမှုဝန်ကြီးဌာနလည်း ပါရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ကတော့ ပြန်ကြားရေး၊ သိပ္ပံနည်းပညာ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ယဥ်ကျေးမှု ဝန်ကြီးဌာနက ဒုတိယဝန်ကြီးများကို ကော်မတီအဖြစ် ထည့်ထားလိုက်ရင် နောင်အခါမှာ လုပ်ကိုင်ရတာ ပိုပြီး လွယ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ နောက် (ခ)၊ အဲဒီပုဒ်မရဲ့ (ခ)မှာ ပြည်ထောင်စုအစိုးရသည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပါပါတယ်။ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဆိုတာ လိုအပ်သလိုဆိုတဲ့ စကားလေးထည့်ရင် ပိုပြီးကောင်းမလားလို့ ကျွန်တော် အနေနဲ့ ပြည်ထောင်စုအစိုးရသည် ကော်မတီကို လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်လို့ ဆိုရင်တော့ ပိုပြီးဆီလျော်မယ်လို့ ထင်ပါတယ်လို့ တင်ပြအပ် ပါတယ်။ နောက်အဲဒီ အခန်းမှာပဲ ပုဒ်မ ၆ ရဲ့(ဂ)မှာ ကော်မတီက လက်ခံနိုင်တာ ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ပစ္စည်း၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို လက်ခံယူခြင်းလို့ ပါပါတယ်။ ငွေတင် မကပါဘူး။ Technical Egg, Technical Invoice လည်း ပါနိုင်ပါတယ်ခင်ဗျား ။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပမှအလှူငွေ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများ၊ နည်းပညာဆိုင်ရာ အကူအညီများကို လက်ခံယူခြင်းဆိုရင်တော့ ပိုပြီးပြည့်စုံသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။ နောက်အခန်း (၄) ရဲ့ ပုဒ်မ ၉(စ) ဖြစ်ပါတယ်။ အဲဒါကတော့ ဆရာကြီး ဒေါက်တာမြင့်ကြည် ပြောတာနဲ့ တစ်ထပ်တည်းမို့လို့ ကျွန်တော်မတင်ပြ တော့ပါဘူး။ (ဍ) မှာ ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းများ အမျိုးအစား သတ်မှတ်ခြင်း လို့ ပါပါတယ်။ ဒါတော့ သတ်မှတ်ရမယ့်အထဲမှာ အဲတာပါသလို အဲဒီပစ္စည်းတွေကို ထုတ်လုပ်တဲ့ နည်းစဥ် တွေလည်း ပါပါတယ်။ ပစ္စည်းကိုသာ မက (ဍ) ကို ပတ် ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိသည့် ပစ္စည်း အမျိုးအစားနှင့် ၎င်းတို့ကို ထုတ်လုပ်သော နည်းစဥ် များသတ်မှတ်ခြင်းလို့ ထည့်လိုက်ရင်တော့ ပိုပြည့်စုံမယ်လို့ ထင်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။ အလားတူ (ဏ) မှာ စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊

အဆောက်အဦများတွင် စွန့်ပစ်ရေသန့်စင်မှု ဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း ဆိုတော့ Water Processing ကို ဆိုလိုတယ်လို့ ကျွ န်တော်ယုံကြည်ပါတယ်။ အဲဒီမှာ အဲဒါ သာမကပဲ လေထုညစ်ညမ်းမှုနဲ့ ပတ်သက်နိုင်တဲ့ အဲဒီ နေရာ စက်မှုနယ်မြေမှာရှိတဲ့ စက်၊ ယာဉ်၊ ယန္တရားများ မှ ထုတ်လုပ်မှုများပါ ထည့်ထားရင်တော့ ပိုမိုပြည့်စုံ နိုင်မယ်လို့ ထင်တဲ့အတွက်ကြောင့် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း၊ စက်၊ ယာ ဉ်၊ ယန္တရားများမှ ထုတ်လုပ်မှုများဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်းဆိုရင်တော့ အကုန်လုံးပါသွားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ နောက် (ဗ) မှာ အိုဇုန်းလွှာ ကာကွယ်ရေး၊ ဇီ ဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ အဏ္ဏ ဝါကမ်းခြေပတ်ဝန်းကျင် ဆိုတာ ကျွန်တော်တို့ဒီ Coastal Line ကိုပြောတာပါ။ Line တင် မကပါဘူး၊ ရေထုလည်းပါနိုင် ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အဏ္ဏဝါကမ်းခြေနှင့် ရေထု၊ ပတ် ဝန်းကျင် သို့မဟုတ် သဃံဇာတ ပတ် ဝန်းကျင်စသည်ဖြင့် ရေကိုပါ ပါအောင် ထည့်လိုက်ရင်တော့ ပိုပြီးပြည့်စုံမယ်လို့ ကျွန် တော်ယုံကြည်ပါတယ်။ နောက် ၁၀ မှာတော့ ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်မှာ သူလက်ခံနိုင်တဲ့ ရန်ပုံငွေတွေကတော့ ပုဒ်မ ၁၀(က) ၂ မှာ ဝန်ကြီးဌာနက မိမိပတ် ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာ ဝန် များကို ဆောင်ရွက်ခြင်းမှ ရငွေဆိုတာပါသလို ကျွန်တော် အဲဒီမှာ ပုဒ်မ ၂၇(ခ) အရ ရတဲ့ ဒဏ်ကြေးနဲ့ ၃၅(ဂ) အရ ရတဲ့လျော်ကြေးကိုပါ ထည့်စေချင်ပါတယ်။ ဒါကြောင့် ဆော င်ရွက်ခြင်း မှ ရငွေနှင့် ဒဏ်ကြေး လျော်ကြေးငွေများလို့ ထည့်လိုက်ရင်တော့ လက်ခံထိန်းသိမ်းနိုင်တဲ့ လုပ်ပိုင်ခွင့် ရသွားနိုင်ပါတယ်။ ဒဏ်ကြေးတွေကတော့ အများအားဖြင့် တရားရုံးကချရင် တရားရုံး ခေါင်းစဉ်နဲ့ပဲ ဝင်တာဖြစ်ပေမယ့် သူ့ဘက်က တာဝန်က အလွန်ကြီးမားပါတယ်။ ပတ် ဝန်းကျင် ပျက်စီးသွားရင် သူ့ဆီမှာ သူက စိုက်ထုတ်ပြင်ပေးရတာ ရှိသလို သူ့ရဲ့ လမ်းညွှန်ချက် အရ လုပ်ငန်းရှင် တစ်ယောက်ယောက် က ပြုပြင်ခဲ့ရင်လည်း ကုန်ကျစရိတ်ကို ပြန်တောင်းနိုင်တယ် ဆိုတဲ့ ဥပဒေထဲမှာပါတဲ့အတွက်ကြောင့် သူ့မှာငွေလိုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒဏ် ကြေးတွေကို သူ့ကိုသွင်းထားစေချင်တယ်လို့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ အခန်း (၆) ပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာ စံချိန် စံညွှန်းများမှ ပုဒ်မ ၁၂ မှာ ကျွန်တော်တို့ (က) ကနေ (ဈ) ထိ ထည့်ထားပါတယ်။ ကျွန်တော်ကတော့ (ဇ) ရဲ့ အောက်မှာ (ဈ) အဖြစ်နဲ့ အပေါ်မှာ ၃ ခု ပါသွား ပါတယ်။ (စ) ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ (ဆ) စွန့်ထုတ်အရည် စံချိန်စံညွှန်းများ၊ (ဇ) စွန့်ထုတ်အစိုင်အခဲ စံချိန်စံညွှ န်းများအပြင် အောက်က (ဈ) ဆိုပြီးတော့ ထုတ်လု ပ်မှုနည်းစဉ်

ဆိုင်ရာ စံ ချိန်စံညွှန်းများလို့ (ဈ) ကိုဖြည့်ပြီးတော့ ရှိပြီး (ဈ)ကို (ည) အဖြစ်သို့ ပြောင်းလိုက်ရင်တော့ ပိုပြီးပြည့်စုံမယ်လို့ ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခု က အခန်း (၇) ပုဒ်မ ၁၅ ရဲ့ ပုဒ်မခွဲ (ဃ) ဖြစ်ပါတယ်။ အဲဒီမှာ အညစ်အကြေး စွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုတာ ပါတဲ့အတွက်ကြောင့် အညစ်အကြေးမှာ တစ်ခါတည်းပါသွားအောင် စွန့်ပစ်ရေနှင့် အညစ်အကြေးလို့ ကျွန်တော်က ဖြည့်စေချင်ပါတယ်။ စွန့်ပစ်ရေနှင့် အညစ်အကြေးစွန့်ပစ်ရေးဆိုင်ရာ Water And Sanitation ပါသွားအောင် ပြောခြင်း ဖြစ်ပါတယ်။ နောက်ပုဒ်မ ၁၈ အောက်မှာ (က)၊ (ခ)၊ (ဂ) ပုဒ်မ ၃ ခု ပါ ပါတယ်။ အဲဒီမှာ သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက် ပတ် ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်လို့ ပါသလို အဲဒီညွှန်ကြားချက်မှာ ဘာပါမလဲတော့ ကျွန်တော်မသိနိုင်တဲ့အတွက်ကြောင့် ကျွန်တော်က (ဃ)လို့ အကြံ ပြုထားတာ ရှိပါတယ်။ အဲဒါကတော့ ဆိုင်ရာလုပ်သားများနှင့် ဝန်ထမ်းများရဲ့ လုပ်ငန်းခွင့်အကာအကွယ်နှင့် ကုသ မှုစရိတ်များ၊ လျော်ကြေးများကို ကျခံရမည်လို့ အဲဒါလေး ကျွန်တော်ကထည့်ထားဖို့ အကြံပြုအပ်ပါတယ်။ နောက် အခန်း(၁၀)ဖြစ်ပါတယ်။ အခန်း (၁၀)ရဲ့ ပုဒ်မ ၂၇ မှာ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူနည်းပါ၊ အဲဒီမှာ ဝန်ကြီးဌာနက(က) သတိပေးပြီး စည်းကမ်းချက်နှင့် အညီလိုက်နာဆောင်ရွက်စေခြင်းလို့ ပါပါတယ်။ သတိပေးတယ် ဆိုတာ နှုတ်နဲ့ သတိပေးတာ၊ စာနဲ့ သတိပေးတာပါနိုင်သလို ပိုပြီးလေးန က်အောင် သတိ ပေးပြီး စည်းကမ်းချက်နှင့်အညီလိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ရေးထိုးစေခြင်းလို့ ထည့်ထားရင် တော့ Bond Down လုပ်ထားရင်တော့ တ ချို့ဟာလေးတွေက ပိုပြီး ခိုင်လုံမယ်လို့ ထင်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အခန်း (၁၂) ပုဒ်မ ၃၂ မှာလည်းပဲ မည်သူမျှ ဝန်ကြီးကတားမြစ်ထားသော ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်း ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း ပါပါတယ်။ အဲဒီမှာ ဖြည့်ရမှာ ဖြစ်ပါတယ်။ သိုလှောင်ခြင်းနဲ့ သယ်ယူခြင်းကို ထည့်ဖို့လိုပါ တယ်။ သိုလှောင်ခြင်းမှာ အခန်း (၄)ပုဒ်မ ၉(ဌ)မှာ တရား ဝင်ပြဋ္ဌာန်းထားတာ ဖြစ်တဲ့အတွက်ကြောင့် လက် ဝယ်ထားရှိတဲ့ သိုလှောင်ခြင်းဟာလည်း ပြစ်မှုမြောက်ပါတယ်။ ကျွန်တော် ဒီနေရာလေးမှာ သိုလှောင်ခြင်းကို ထည့်ထားဖို့လို ပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း (၁၃) ပြစ်မှုနဲ့ ပြစ်ဒဏ်များကတော့ ရှင်းပါတယ်။ ဒါပေမယ့် အဲဒီမှာ ဘယ်ပုဂ္ဂိုလ်၊ ဦးစီးဌာနကလား၊ ဝန်ကြီးဌာနကလား တရားစွဲဆိုသူ

မပါသေးကြောင်း တွေ့တဲ့ အတွက်ကြောင့် အဲဒါလေးကိုလည်း ပြတ်သားအောင် ထည့်ပေးရင် ရှင်းမယ်လို့ ထင်ပါတယ်။ အလားတူ ပုဒ်မ ၃၆ မှာလည်းပဲ စောစောကအတိုင်းပါပဲ။ မည်သူမဆို ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနက တားမြစ်ထားသော ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိပဲ၊ ပြည်တွင်းသို့ တင်သွင်းကြောင်း၊ ပြည်ပသို့ တင်ပို့ကြောင်းအပြင် တင်သွင်းကြောင်းနဲ့ တင်ပို့ကြောင်း ကြားထဲမှာ သိုလှောင်ထားရှိကြော င်း ထည့်မှသာ ၉(၅)နဲ့ ညီမယ်လို့ ကျွန်တော် အနေနဲ့ မြင်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ကျန်တဲ့အချက်တွေ အားလုံး ကတော့ ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်၊ ပြင်ဆင်ချက်များ ဟာ အလွန်ဆီလျော် မှန်ကန်ပါကြောင်း လေးစားစွာ ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊လွှတ်တော်ကိုယ်စားလှယ် ၄ ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးမန်းအောင်တင်မြင့်က ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဦးမန်းအောင်တင်မြင့်၊အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က တော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းအောင်တင်မြင့် ဖြစ်သလို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တစ်ဦးလည်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက် အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ ရက်စွဲပါပေးပို့လာတဲ့ စာနဲ့ ပတ်သက်ပြီးတော့ ပေးပို့ လာတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ

စီမံခန့်ခွဲရေးဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အသေးစိတ် စိစစ်လေ့လာပြီး သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာ ဝန်ရှိသူများနဲ့ ၁၀.၁၀.၂၀၁၁ ရက်နေ့မှာ ညှိနှိုင်း ဆွေးနွေး ခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းမှာ အခန်း (၁၀) ခန်းနဲ့ ပုဒ်မပေါင်း ၃၄ ခု ပါဝင်ပါတယ်။ အဲ ဒီတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ကျွန်တော်က ဖတ်ကြားဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ လေ့ လာတွေ့ရှိချက်များအနေနဲ့ အခန်း (၁)ပုဒ်မ ၂(ခ)မှာ ဝန်ကြီးဌာန အဓိပ္ပါယ်ဖွင့်ဆိုချက်ပါ "ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနလို့ဆိုသည်ကို" မူလပြဌာန်းချက်ထဲမှာ ရေးသားထားတာပါ ပါတယ်။ အဲဒီအရေးအသားအစား "ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်" ဆိုပြီးတော့ ကျွန်တော်တို့ ကော်မတီကနေပြီးတော့ ညှိနှိုင်း ပြင်ဆင်ရေးဆွဲခဲ့ ပါတယ်။ နောက်ဥပဒေတစ်ခုက အခန်း (၁)ပုဒ်မ ၂(စ)မှာပါတဲ့ မြေယာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် နောက်ဆုံးအပိုဒ်ဖြစ်တဲ့ "ယင်းစကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန် အလို့ငှာ တရားဝင်ပယ်ဖျက်သည့် စားကျက်မြေ၊ အင်းအိုင်မြေနှင့် ကြိုးဝိုင်းသစ်တောမြေများလည်း ပါဝင်သည်" ဆိုတဲ့ အရေးအသားမှာ ဓာတ်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ မပါရှိ၍ ယင်းလုပ်ငန်းများ ပါဝင်စေဖို့အတွက် "ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားသော လုပ်ငန်းများ လုပ်ကိုင်ရန် အလို့ငှာ တရားဝင်ပယ်ဖျက်သည့် စားကျက်မြေ၊ အင်းအိုင်မြေနှင့် ကြိုးဝိုင်းသစ်တောမြေများလည်း ပါဝင်သည်" ဟုဆိုပြီးတော့ ညှိနှိုင်းပြင်ဆင် ရေးသားခဲ့ပါတယ်။ အဲဒါကလည်းပဲ ဥပဒေကြမ်း ပု ဒ်မ ၄ ပါ လုပ်ပိုင်ခွင့် အသုံးချ ခွင့်ပြုသည့် လုပ်ငန်းအမျိုးအစား (၄)မျိုး ခွင့်ပြုထားတာ၊ ယခုအဓိပ္ပ ါယ် ဖွင့်ဆိုချက်အတွင်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး နှစ်မျိုးတည်းသာပါတဲ့အတွက် လုပ်ငန်း လေး မျိုးစလုံးပါဝင်စေဖို့အတွက် ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အခန်း (၁)ပုဒ်မ ၂(ဇ)မှာ မြေခွန်အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် မူလပြဌာန်းချက်မှာ ရေးသားထားတဲ့ "ဤဥပဒေအရ သတ်မှတ်သော မြေခွန်ငွေ " ဟူတဲ့ အရေးအသားနေရာမှာ ပုဒ်မခွဲ (ဆ) အာမခံကြေးအဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ညီညွတ်စေဖို့ အတွက်

"ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများနှင့်အညီ သတ်မှတ်သော မြေခွန်ငွေ" ဟုဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနှင့် ဝန်ကြီးဌာနတို့ ညှိနှိုင်း ပြင်ဆင်ခဲ့ပါတယ်။ (ဃ) အခန်း (၂)ပုဒ်မ ၃ အဲဒီမှာ မူလရေးသားထား တာက "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့် " ဆိုတဲ့ စာအရေးအသားအစား ပုဒ်မ ၄ မှာပါတဲ့ လုပ်ငန်း အားလုံးပါဝင်စေရန် မွေးမြူရေးနောက်မှာ "ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ နှင့်" ဆိုပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။ (င)အခန်း (၃) ပုဒ်မ ၆ ပုဒ်မခွဲ (ဂ)မှာ ဆက်စပ် မှု ပိုများသည့် သဘာ ဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေး ရာဝန်ကြီးဌာနကို ထည့်သွင်းဖော် ပြလိုတဲ့အတွက်ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနလို့ မူလပြဌာန်းချက်မှာ ရေးထားတဲ့ စကားရပ်အစား ဆက်စပ်မှု ရှိမယ့် "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်" ဆိုပြီးတော့ စကားရပ် ကို အစားထိုးဖြည့်စွက်ခဲ့ပါတယ်။ (စ) အခန်း (၃) ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) အဖြစ်နဲ့ "နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာ ဖော် ထုတ်နိုင်ရေး အတွက် လိုအပ်သော အကြံဉာဏ် များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည် " ဟူသည့် ပုဒ်မခွဲ တစ်ခုကို ထပ်မံဖြည့်စွက် ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ မြေအသုံးချရေးမူ ဝါဒ အတွက် အထောက်အကူပေးနိုင်ရန် ထပ် မံ ဖြည့်စွက် ခြင်းဖြစ်ပါတယ်။ (ဆ)မှာကတော့ အခန်း (၄)ပုဒ်မ ၁၀ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၄)ပါ "ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် (၁၀) ဧက ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို အဆင့်ဆင့် စိစစ် ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည် " ဆိုတဲ့ ရေးသားချက်ကို မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်သူများကိုပါ ဗ ဟိုကော်မတီရဲ့ ခွင့်ပြုချက်ရယူရမယ့်ဆိုတဲ့အတွက်ကြောင့် အဲဒါကို အဆင့်ဆင့်ထောက်ခံချက်များဖြင့် တင်ပြရမည် ဖြစ်နေသဖြင့် ယင်းအစား "ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင် တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် (၁၀) ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သက်ဆိုင်ရာ ဒေသန္တရ အဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံ ဆောင်ရွက်ရမည်" ဆိုပြီးတော့ ပြင်ဆင်ခဲ့ ပါတယ်။ ဒါလည်းယင်းဒေသန္တရ အဖွဲ့အစည်း တစ်ခုခုရဲ့ လုပ်ပိုင်ခွင့်ကို နည်းဥပဒေအလိုက် အသေးစိတ်ထည့်သွင်းရပါတယ်။ နောက်တစ်ပိုဒ်

အခန်း (၄)ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)အောက်တွင် ပုဒ်မခွဲ (ဂ)အဖြစ် "ဓာတ်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်း ဖြစ်လျှင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနတို့နှင့်ညှိနှိုင်း ခွင့်ပြုနိုင်သည်" ဟု ပုဒ်မခွဲတစ်ခုကို ပုဒ်မ ၄ ပါလုပ်ပိုင်ခွင့်နဲ့ ကိုက်ညီ စေရန်ထပ်မံဖြည့်စွက်ခဲ့ ပါတယ်။ (ဈ) အခန်း (၄) ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အောက်မှာ ပုဒ်မခွဲ(ဃ) အဖြစ်နဲ့ "အစိုးရကခွင့်ပြုထားသော ဥပဒေနဲ့ညီညွတ်သည့် အခြားလု ပ်ငန်းများဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်ဟု ပုဒ်မခွဲတစ်ခုကို ပုဒ်မခွဲ (၄)ပါ လုပ်ပိုင်ခွင့်နှင့် ကိုက်ညီစေရန် ထပ်မံဖြည့်စွက် ခဲ့ပါတယ်။ အခန်း (၄) ပုဒ်မ ၁၁ တွင်လည်း ပုဒ်မ ၁၀ ကဲ့သို့ ပုဒ်မခွဲ(ဂ) အောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် "ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းဖြစ်လျှင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာန တို့နှင့် ညှိနှိုင်းခွင့်ပြုနိုင်သည် " ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဃ)အောက်တွင် ပုဒ်မခွဲ(င)အဖြစ် "အစိုးရ ကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများဖြစ်လျှင် ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းခွင့်ပြု နိုင်သည်" ဟုလည်းကောင်း ပုဒ်မခွဲနှစ် ခုကို ပုဒ်မ ၄ ပါ လုပ်ပိုင်ခွင့်နှင့်ကိုက်ညီစေဖို့ ထပ်မံ ဖြည့်စွက်ခဲ့ပါတယ်။ (ည) အခန်း(၆) ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)တွင် မူလပြဋ္ဌာန်းထားတဲ့ "သတ်မှတ်ထား သောကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီး သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဟူသည့်အရေးအသားအစား "လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့ မှ စတင်၍ (၃)နှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဟု ညှိနှိုင်းပြင်ဆင် ခဲ့ပါတယ်။ (ဋ) အခန်း(၇) ပုဒ်မ ၁၇ ပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး"လုပ်ငန်းအထောက်အကူပြု အဖွဲ့များ" ဟူသည့် စကားရပ်မှာ "လုပ်ငန်းအဖွဲ့"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်၍ ယင်းစကားရပ်အစား "လုပ်ငန်းအဖွဲ့" ဟု ပြင်ဆင်ခဲ့ ပါတယ်။ (ဌ) အခန်း(၈) ပုဒ်မ ၂၅ ပါ မူလရေးသားချက်ပါ "ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပို င်ခွင့်၊ အသုံး ပြုခွင့် ရရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရော က် လုပ်ကိုင်ခြင်း၊ အကျိုး ဖျက်စီးခြင်းများ၊ ပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် ဥပဒေနှင့်အညီ အကာအကွယ် ရရှိရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းပေးနိုင်သည် " ဟုဆိုပြီးတော့ အရေး

အသားမှာ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသူ က ဟန့်တား ကျူးကျော် ဖျက်စီးသည့် အခိုပွာယ် သက်ရောက်နေတဲ့အတွက်ကြောင့် "ဗဟိုကော်မတီသည် မြေလွတ် ၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဟန့်တား နှောင့်ယှက်ခြင်း၊ ကျူးကျော် ဝင်ရော က်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်စီး ခြင်းများ ပြုလုပ်ခံ ရကြောင်း တွေ့ရှိလျှင် ဥပဒေနှင့် အညီ အကာအကွယ် ရရှိရေးအတွက် သက်ဆို င်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းပေးနိုင်သည် "ဟုဆိုပြီးတော့ ပြင်ဆင် ရေးသားခဲ့ပါတယ်။

(ဎ) အခန်း(၁၀) ပုဒ်မ ၃၀ပါ "ပုဒ်မ ၂၇၊၂၈၊၂၉ တို့ပါ ပြစ်မှုများဟာ ရဲအရေးယူပိုင်ခွင့်ရှိသည့် ပြစ်မှုများဖြစ်တဲ့ အပြစ်သတ်မှတ်ပြီး" အဲဒါကြောင့်မို့လို့ အဲဒီနေရာမှာ "အခန်း(၉)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ်သတ်မှတ်သည်" ဆိုပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကတော့ ဥပဒေကြမ်းကော်မတီသည် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့် အသေးစိတ်ညှိနှိုင်း ပြင်ဆင် ဖြည့်စွက်ရန် ပြန်လည် ရေးသားပြီးဖြစ်သဖြင့် ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ဆက်လက်တင်ပြ အတည်ပြုချက် ရယူသင့်ပါကြောင်း ထောက်ခံတင်ပြ အပ်ပါသည်။ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

# အမျိုးသားလွှတ်တော် ၄၀ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၄၁ ရက် မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ် တော် ဒုတိယ ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက် ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ပါတယ်။ ၂ နာရီခွဲ အချိန်မှာ သဘင်ဆောင်မှာ ဥပဒေဆိုင်ရာ ပါမောက္ခများက ပယ်ဖျက်သင့်တဲ့ ဥပဒေများကို တင်ပြမှာဖြစ်ပါတယ်။ အားလုံးတက်ရောက်ကြဖို့ ပြောကြားလိုပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၀ ရက်မြောက် အစည်းအဝေးကို ၁၃ း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။